ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 September 2025 ၁၁၉၅၀

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် -၂၀၂၅ (World Atomic Week Forum-2025)သို့ တက်ရောက်ရန်အတွက် မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် -၂၀၂၅ (World Atomic Week Forum-2025)သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင် အပါအဝင် ရုရှားနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှု ယမန်နှစ်ထက် ဝင်ငွေတိုးမြင့်ရရှိမည်ဟု ခန့်မှန်းထား



နိုင်ငံခြားဝင်ငွေရရှိသည့် ပြည်ပပို့ကုန် ရေငန်ပုစွန်ဖြူများ မွေးမြူထုတ်လုပ်ရာ တနင်္သာရီတိုင်းဒေသကြီးမှ ပုစွန်ကန်များကို တွေ့ရစဉ်။

ရန်ကုန် စက်တင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်ပသို့ ငါး/ပုစွန်နှင့် ရေထွက်ကုန်တန်ချိန် ၂၈၅၃၁၄ ဒသမ ၇၁၄ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀၃ ဒသမ ၆၂၈ သန်းရရှိခဲ့ရာ ယခုနှစ် ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုသည် ယမန်နှစ်ထက် ဝင်ငွေတိုးမြင့်ရရှိမည်ဟု ခန့်မှန်းထားကြောင်း တနင်္သာရီတိုင်း ဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ တောင်ဘက်အစွန်းတွင် တည်ရှိပြီး ဘင်္ဂလားပင်လယ်အော်သို့ မေးတင်လျက်ရှိ၍

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး ကျင်းပ စာမျက်နှာ » ၄
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက် စာမျက်နှာ » ၅
ခေတ်ရေစီးကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် မြန်မာ့လယ်ယာအနာဂတ် ဆောင်းပါး စာမျက်နှာ » ၆
မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်း (ICSP)၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာ ၂၆ ရွာအား ရန်ပုံငွေပေးအပ် စာမျက်နှာ » ၇



# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေး အနှောင့်အယှက် အဟန့်အတားမှန်သမျှဖယ်ရှား

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် "နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး"နှင့်"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး" ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အရေးကြီးသည့်ဆောင်ရွက်ချက်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများမှ ပေါ်ထွက်လာသော လွှတ်တော်အခင်းအကျင်းများဖြင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍများကို တည့်မတ်မှန်ကန်စွာ ဆောင်ရွက်၍ အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်မည့် ကနဦးအမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သည်။ ပြည်သူလူထု၏ သဘောထားဆန္ဒများကို ထင်ဟပ်ပေါ်လွင်စေမည့် အခင်းအကျင်းဖြစ်၍ အရေးပါပေသည်။

နိုင်ငံတော်နှင့် ပြည်သူအတွက် အရေးကြီးသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်နေချိန်တွင် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိသွားမည်ကို လည်းကောင်း၊ မိမိတို့အာဏာလက်လွှတ်သွားမည်ကို လည်းကောင်း မလိုလားကြသော၊ စိုးရိမ်ပူပန်ကြသော အဖျက်အမှောင့်အုပ်စုများက ရွေးကောက်ပွဲ ပျက်စီးရာပျက်စီးကြောင်း သွေးထိုးလှုံ့ဆော်မှုများ၊ မမှန်မကန်ဝါဒဖြန့်မှုများ၊ သားပုပ်လေလွင့်ပြောဆိုမှုများ စသည်တို့ ပြုလုပ်နေကြသည်ကို တွေ့မြင်ကြားသိနေကြပြီဖြစ်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်လုံး၌ လုံခြုံစိတ်ချစွာဆောင်ရွက်နိုင်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများ လုံခြုံရေးအတွက် အဟန့်အတား၊ အနှောင့်အယှက်မှန်သမျှကို လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို နိုင်ငံတော်အစိုးရက ဥပဒေအမှတ် ၄၈/၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ဤဥပဒေကို ပြဋ္ဌာန်းရခြင်းသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းကို တားဆီးနှောင့်ယှက်ခြင်းမှ ကာကွယ်ရန်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း လုံခြုံစိတ်ချစွာဖြင့် လွတ်လပ်စွာဆန္ဒမဲပေးရေးကို နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ တားဆီးခြင်းမှ ကာကွယ်ရန်၊ မဲရုံနှင့် မဲရုံအတွင်း တာဝန်ကျသူများ လုံခြုံမှုအပြည့်အဝဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဤဥပဒေအရ ရွေးကောက်ပွဲကို အလုံးစုံဖြစ်စေ၊ တစ်စိတ်တစ်ဒေသမျှပင်ဖြစ်စေ ပျက်ပြားစေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုမူပြောဆိုလုပ်ကိုင်မှုများ မပြုလုပ်ကြရန် တားမြစ်ထားသည်။ ဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ကျူးလွန်သည့်ပြစ်မှုများအလိုက် ကျခံရမည့်ပြစ်ဒဏ်များမှာ ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှသည် နှစ်ရှည်ထောင်ဒဏ်၊ ထောင်ဒဏ်တစ်သက်နှင့် အကြီးလေးဆုံးပြစ်ဒဏ်ဖြစ်သည့် သေဒဏ်အထိ သတ်မှတ်ထားသည်ကို သတိမူရမည်ဖြစ်သည်။ မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းတွင် ရွေးကောက်ပွဲကို နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ ဖျက်ဆီးခြင်းနှင့် အကြမ်းဖက်သတ်ဖြတ်ခြင်းတို့ ကြုံတွေ့ခဲ့ဖူးပြီး ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲ၌ ဥပဒေမဲ့ပြုကျင့်မှုများကို သင်ခန်းစာယူဖွယ်တွေ့ရှိခဲ့ပြီးဖြစ်သည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း၊ ခြိမ်းခြောက်ခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ အချို့နေရာဒေသများတွင် ပြုလုပ်မှုရှိလာရာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ခြင်း၊ ဖမ်းဆီးအရေးယူစစ်ဆေးခြင်း၊ ပြစ်မှုထင်ရှားပါက ထိရောက်စွာအရေးယူအပြစ်ပေးခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးသည် နိုင်ငံတော်နှင့် ပြည်သူအတွက် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်၍ ရွေးကောက်ပွဲကို နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးကြသူများသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းခံရမည်ကို သတိချပ်ရမည်ဖြစ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ချောက်မြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ချောက် စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ငွေးချိုကျေးရွာ ဧရာရွှေမိုးစက်သုံးဆီဆိုင်၊ နေလစက်သုံးဆီဆိုင်နှင့် ချောက်မြို့ အမှတ်(၁၅)ရပ်ကွက်ရှိ ဈေးဆိုင်များအား မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုကို မကွေးခရိုင်မီးသတ်ဦးစီးမှူး ဦးသန့်စင်ဦးစီး၍ ချောက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်း ရှိ/မရှိစစ်ဆေးကာ ဝန်ထမ်းများ မီးငြိမ်းသတ်ရေးပစ္စည်းများ လက်တွေ့ကိုင်တွယ် အသုံးပြုတတ်စေရန် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးသွားရန်နှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ၂၃ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၁၇၈ | ၁,၃၅၂,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၃၈၀ | ၄,၄၁၆,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၇၀၀ | ၆၅ | ၅၀၃,၅၀၀ |
| FPB | ၂,၆၀၀ | ၂,၈၅၀ | ၈,၀၈၂ | ၂၂,၀၈၅,၇၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၇၅၀ | ၁,၉၈၇,၅၀၀ |
| EFR | ၁,၉၅၀ | ၁,၉၀၀ | ၅၀၄ | ၉၅၇,၈၀၀ |
| AMATA | ၃,၃၀၀ | ၃,၂၅၀ | ၇၉၅ | ၂,၅၁၇,၆၅၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၄၂၈ | ၁,၄၂၈,၈၀၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၆၅၀ | ၈၆၈ | ၂,၃၀၀,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အောဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအောက်ရှိ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)ကို လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ) အစည်းအဝေးခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန ကမ်းလွန်ရေနံ အခြေစိုက်စခန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ကုန်းတွင်းနှင့် ကမ်းလွန်ရေနံမြေများ၏ လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရေနံတွင်းသစ်များ နေရာသတ်မှတ်နိုင်ရေး တိုင်းတာရရှိသော ဆိုက်စမစ်အချက်အလက်များကို ဘူမိရူပဆန်းစစ်အကဲဖြတ်ခြင်း ဆောင်ရွက်နေမှုနှင့် ကမ်းလွန်ရေနံအခြေစိုက်စခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသလို ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးကို အသုံးပြုလျက်ရှိသော်လည်း နိုင်ငံတော်၏ စွမ်းအင်သုံးစွဲမှုအချိုး (Energy Mix) တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သည် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေပါကြောင်း၊ ထို့အတူ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ရေအားနှင့် သဘာဝဓာတ်ငွေ့များကို အဓိကအသုံးပြုနေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် စွမ်းအင်ကဏ္ဍ၊ တစ်နည်းအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရတနာ၊ ဇောတိက၊ ရဲတံခွန်နှင့် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းကြီး လေးခုတို့မှ သဘာဝဓာတ်ငွေ့များ ထုတ်လုပ်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေသည့်အပြင် ပြည်တွင်းသုံးအဖြစ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ CNG သုံး မော်တော်ယာဉ်များ၊ စက်ရုံအလုပ်ရုံများအတွက်လည်း သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးပေးလျက်ရှိသဖြင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည့် စီမံကိန်းကြီးများဖြစ်ပါကြောင်း။

သို့ရာတွင် အဆိုပါစီမံကိန်းကြီးများသည် သက်တမ်းကာလအားဖြင့် ကြာမြင့်နေပြီဖြစ်သည့်အတွက် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ တဖြည်းဖြည်း လျော့နည်းလာပြီ ဖြစ်သဖြင့် စီမံကိန်းအသစ်များ ရှာဖွေတူးဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်နိုင်ရန် နိုင်ငံတကာ စွမ်းအင် ကုမ္ပဏီများအား လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေနံတွင်းသစ်များ နေရာသတ်မှတ်နိုင်ရေး တိုင်းတာရရှိခဲ့သော ဆိုက်စမစ်အချက်အလက်များ ဘူမိရူပ ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိကရေနံတူးဖော်ခြင်း လုပ်ငန်းများကို နည်းစနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ရေနံလက်ယက်တွင်းလုပ်ငန်းများအစား နည်းစနစ်ကျတွင်းများ ဖြစ်ပေါ်လာစေရေး အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ) သည် စွမ်းအင်ဝန်ကြီးဌာန၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းသုံး ပစ္စည်းများအား လက်ခံသိုလှောင်၍ ကုန်းတွင်း၊ ကမ်းလွန် လုပ်ငန်းများအတွက် ထောက်ပံ့ပို့ဆောင်ဖြန့်ဖြူးပေးနေသည့် အရေးပါသောထောက်ပံ့ရေးစခန်းတစ်ခုဖြစ်သဖြင့် ပစ္စည်းများ စနစ်တကျ သိုလှောင်သိမ်းဆည်းရန်၊ မီးဘေးလုံခြုံရေးနှင့် စခန်းလုံခြုံရေးအတွက် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ကမ်းလွန်ရေနံအခြေစိုက်စခန်းရှိ ဝန်ထမ်းများအတွက် အမှတ်တရသစ်သီးခြင်း ပေးအပ်သည်။

ထို့နောက် ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ) အတွင်းရှိ ဂိုဒေါင်များအတွင်း ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ တွင်းထိန်းဘိလပ်မြေ ဓာတ်ခွဲစမ်းသပ်ခန်းအတွင်း သတ်မှတ်စံနှုန်းနှင့်အညီ တွင်းထိန်းဘိလပ်မြေ အဆင့်ဆင့် စမ်းသပ်ဆောင်ရွက်နေမှု၊ ရေလုံသင်္ဘောကျင်းတွင် သင်္ဘောများ လွန်းတင်ပြင်ဆင်နေမှု၊ သာကေတ ဆိပ်ခံတံတားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကမ်းလွန်လုပ်ကွက်များသို့ လိုအပ်သည့်ပစ္စည်းများ ပို့ဆောင်ပေးရာတွင် အချိန်မီရောက်ရှိစေရေး ဆောင်ရွက်ကြရန်၊ သင်္ဘောများကို လွန်းတင်ပြင်ဆင်ခြင်း လုပ်ငန်းဇယားရေးဆွဲ၍ ပြုပြင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး အတွက် စံသတ်မှတ်ချက်များနှင့် အညီ တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး အငြိမ်းစားဝန်ထမ်းများအား ဆေးကုသပေးနေမှုကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်မြို့ ခုတင်၅၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ (၃၄)ကြိမ်မြောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်ဆေးကုသပေးနေမှု၊ မျက်စိကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် ခွဲစိတ်ကုသပေးမှုတို့ကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားသည်။

ထို့နောက် မျက်စိဝေဒနာရှင်များအား မျက်စိကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် ခွဲစိတ်ကုသပေးမှုတို့ကို ကြည့်ရှုပြီး မျက်စိခွဲစိတ်ကုသမှုခံယူထားသူ ၂၃၅ ဦးတို့ကို ဆေးမျက်မှန်တပ်ဆင်ပေးကာ ကြက်ဥ၊ အချိုရည်နှင့် အာဟာရမုန့်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကျင်းပ





**နေပြည်တော် စက်တင်ဘာ ၂၃**

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ကျင်းပရာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ဦးဆောင်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက virtual ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စု ဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှာသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကိုထိရောက်စွာမြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဦးဆောင်အဖွဲ့အနေဖြင့် ဥပဒေ၏ အခန်း(၃)၊ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသော ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များအတိုင်း တောင်သူများ သီးနှံစိုက်ပျိုး ထုတ်လုပ်ရာတွင် လွတ်လပ်စွာ စိုက်ပျိုးဆောင်ရွက်နိုင်စေရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သောအရင်းအနှီးငွေကြေး၊ နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးပေးနိုင်ရေး၊ ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးများကို အရည်အသွေးမီသုံးစွဲနိုင်စေရေး၊ သီးနှံဈေးနှုန်း ဈေးကွက်ဆိုင်ရာ သတင်းအချက်များကို တောင်သူများထံ အချိန်မီရောက်ရှိစေရေး၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိစေရေး၊ ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိစေရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်က ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် (၁/၂၀၂၃)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ နေကြာသီးနှံတိုးချဲ့ စိုက်ပျိုးရေး၊ ဝါ၊ ရော်ဘာ၊ ဆီအုန်းသီးနှံများအထွက်နှုန်း တိုးတက်ရေးအပါအဝင် ကိုကိုး၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်အဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယနေ့အစည်းအဝေးတွင် သီးနှံများပန်းတိုင်ရည်မှန်းချက် ပြည့်မီရေး၊ ပြည်ပပို့ကုန်ဈေးကွက်ဝင် သီးနှံများ ပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်စေရေး တို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices- GAP) စံချိန်စံညွှန်းများနှင့်အညီ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့နယ်၌ တောင်သူများအား နေကြာမျိုးစေ့များ ပေးအပ်



**မြဝတီ စက်တင်ဘာ ၂၃**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ဆောင်းနေကြာ စိုက်ပျိုးမည့်တောင်သူများအား နေကြာမျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ယခုနှစ်တွင် နေကြာသီးနှံဧက ၅၅၀ စိုက်ပျိုးမည့် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာ ခြောက်ရွာမှ သီးထပ်၊ သီးညှပ်ဧကအဖြစ် နေကြာမျိုးစေ့ ကီလို ၉၀၀ ပံ့ပိုးပေးမှုအပေါ် တောင်သူများက ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က တောင်သူများအား နေကြာစိုက်ပျိုးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစံအောင်က နေကြာစိုက်ပျိုးခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ဦးစီးအရာရှိ ဦးသန်းရွှေက နေကြာစိုက်ပျိုးမည့် အစီအစဉ်ကိုလည်းကောင်း ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

**မျိုးစေ့များပေးအပ်**

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့်တာဝန်ရှိသူများက ၂၀၂၅ - ၂၀၂၆ ခုနှစ် မြဝတီမြို့နယ်အတွင်း ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့များပေးအပ်ပြီး နေကြာစိုက်ပျိုးမည့် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# တံတားဦးမြို့နယ် မိုးဝါသီးနှံစီမံကိန်း ဝါဂွမ်းများ ခူးဆွတ်ကောက်ယူမှုအား ကြည့်ရှုအားပေး

**တံတားဦး စက်တင်ဘာ ၂၃**

တံတားဦးခရိုင် တံတားဦးမြို့နယ်သို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများ၊ တံတားဦးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များသည် ယမန်နေ့နံနက်၉နာရီက တံတားဦးမြို့နယ်ချောင်းပတ်ကျေးရွာ ကံ့ကော်စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းမှ အသင်းသားတောင်သူဦးဆန်းအောင်၏ ဝါစိုက်ခင်း ၁ ဒသမ ၅ ဧကသို့သွားရောက်ပြီး မိုးဝါသီးနှံစီမံကိန်း ဝါဂွမ်းများ ခူးဆွတ်ကောက်ယူမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

အဆိုပါ ဝါဂွမ်းစိုက်ခင်းမှာ ပထမအကြိမ်ကောက်ယူရာတွင် ဝါ ၁၂၈ ပိဿာထွက်ရှိကြောင်း၊ ထွက်ရှိသည့် ဝါဂွမ်းများသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

တံတားဦးမြို့နယ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝါသီးနှံစီမံကိန်း၌ မိုးဝါနှင့် မိုးနှောင်းဝါ စုစုပေါင်း ဧက ၉၀၀ အား အခြေခံသမဝါယမအသင်းကိုးသင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မိုးသီးနှံဝါပွင့်များ စတင်ကောက်ယူရာတွင် ဝါဂွမ်းအရည်အသွေးကောင်းမွန်မှုရှိပြီး ဈေးကောင်းရရှိရေးကိုလည်း မျှော်လင့်မိပါကြောင်း ဝါစိုက်တောင်သူများထံမှ သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



☆ **ရွှေဖုံးမှ**

ကမ်းရိုးတန်းအရှည် ကီလိုမီတာ ၁၂၀၀ တွင် ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားရာ ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်းနှင့် ကော့သောင်းခရိုင်တို့မှ ရေထွက်ကုန်များ အဓိကတင်ပို့မှုဖြင့် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များကို ထုတ်လုပ်ဖြန့်ချိလျက်ရှိသည်။

ရေထွက်ကုန်များကို ပင်လယ်ပြင်ဖမ်းဆီးမှုအပြင် ရေငန်မွေးမြူမှုမှလည်း နိုင်ငံခြားဝင်ငွေရရှိလျက်ရှိပြီး ထားဝယ်ခရိုင်၊ ကော့သောင်းခရိုင်၊ မြိတ်ခရိုင်၊ ရေဖြူမြို့၊ ကျွန်းစုမြို့နယ်နှင့် ပုလောမြို့နယ်တို့ရှိ ရေငန်ပုစွန်မွေးမြူသော လုပ်ငန်းရှင်များက ၂၂၁၇ ဒသမ ၅၆ ဧကတွင် ရေငန်ပုစွန်သားပေါက်ထိုင်းနိုင်ငံမှဝယ်ယူ၍ ခေတ်မီနည်းပညာဖြင့် GAqP စနစ်နှင့်အညီ မွေးမြူလျက်ရှိသည်။

ပြည်ပပို့ကုန် ရေထွက်ကုန်မွေးမြူမှုတွင် မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့၌ ကကတစ် ၊ကဏန်းပျော့ကိုလည်းကောင်း၊ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့၌ ကျောက်ငါးကိုလည်းကောင်း၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့၌ ချင်းခရုကိုလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ်၌ ပင်လယ်ရေမှော်ကိုလည်းကောင်း မွေးမြူထုတ်လုပ်လျက်ရှိသည်။

“တနင်္သာရီတိုင်းဒေသကြီးကထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ပြည်ပတင်ပို့မှုကနေ နိုင်ငံခြားဝင်ငွေရရှိနေပါတယ်။ အထူးသဖြင့် ရေငန်ပုစွန်မွေးမြူမှုနဲ့ ငါးမွေးမြူမှုကနေ နိုင်ငံခြားဝင်ငွေရရှိနေပြီး ပင်လယ်ပြင်ဖမ်းဆီးမှုကနေလည်း နိုင်ငံခြားဝင်ငွေရရှိနေပါတယ်။ အထူးသဖြင့် တရုတ်နဲ့ဂျပန်ကို ပုစွန်ဖြူတင်ပို့နေပြီး ပင်လယ်ပြင်ရေထွက်ကုန်တွေကို ထိုင်းနိုင်ငံကိုတင်ပို့ပါတယ်။ ၂၀၂၄- ၂၀၂၅ ခုနှစ် မတ်လအထိ ရေထွက်ကုန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၃၀၃ ဒသမ ၆၂၈ သန်း ရရှိထားပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမေရိကန်ဒေါ်လာ ၇၂၅ သန်း ရရှိခဲ့တာကြောင့် တနင်္သာရီတိုင်းဒေသကြီးအနေနဲ့ ပို့ကုန်ရရှိမှုတစ်ဝက်နီးပါးကို တင်ပို့နေတာဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ခုနှစ်မှာ ရေထွက်ကုန်ပြည်ပပို့ကုန်ကနေ နိုင်ငံခြားဝင်ငွေ ယမန်နှစ်ထက် ပိုမိုတိုးတက်ရရှိမယ်လို့ မျှော်မှန်းထားပါတယ်”ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၂၄-၂၀၂၅ ခုနှစ် မတ်လအထိ ရေငန်မွေးမြူမှုတွင် ပြည်ပပို့ကုန်ဖြစ်သည့် ငါးတန်ချိန် ၅၃၈ ဒသမ ၉၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၁၈ သန်း၊ ပုစွန်တန်ချိန် ၈၇၈၄ ဒသမ ၉၇၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅၆၂ သန်း၊ ကဏန်းပျော့တန်ချိန် ၆၃၈ ဒသမ ၁၂၇ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၀၅ သန်း၊ ချင်းခရုတန်ချိန် ၇၇ ဒသမ ၈၅၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၁ သန်း၊ ပင်လယ်ရေမှော်တန်ချိန် ၁၈၇ ဒသမ ၇၅၉ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၂ သန်းဖြင့် စုစုပေါင်း ရေထွက်ကုန်တန်ချိန် ၁၀၂၂၇ ဒသမ ၆၀၆ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၁၂၈ သန်း ရရှိခဲ့ပြီး ပင်လယ်ပြင်ဖမ်းဆီးမှုနှင့် ရေငန်မွေးမြူမှုမှ ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၂၈၅၃၁၄ ဒသမ ၇၁၄ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀၃ ဒသမ ၆၂၈ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်ထက် တနင်္သာရီတိုင်းဒေသကြီး၌ ပြည်ပသို့ ရေထွက်ကုန် ပိုမိုတင်ပို့နိုင်ရန် စွမ်းအားပြည့်မွေးမြူမှုဖြင့် တိုးချဲ့မွေးမြူလျက်ရှိပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ကိုကိုလွင်(ဥသျှ)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန် ၉၅ ရက် သာ လိုတော့သည်။

- ✫ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✫ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ✫ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

**နေပြည်တော် စက်တင်ဘာလ ၂၃ ရက်**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ၈ - ၉ - ၂၀၂၅ ရက်နေ့မှ ၂၂ - ၉ - ၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် အမည်စာရင်းတင်သွင်းခဲ့ကြရာ နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းအပါအဝင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၄၉၆၃ ဦး အမည်စာရင်း တင်သွင်းခဲ့ကြပါသည်။

ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့် နိုင်ငံရေးပါတီ ၆ ပါတီ၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်း/ပြည်နယ် လွှတ်တော်: တိုင်း/ပြည်နယ်လွှတ်တော် | တိုင်း/ပြည်နယ် လွှတ်တော်: တိုင်းရင်းသားလူမျိုး | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၅ | ၁၅၆ | ၅၆၉ | ၂၈ | ၁၀၁၈ |
| ၂ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၂ | ၁၁၁ | ၃၈၇ | ၁၄ | ၆၉၄ |
| ၃ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၃ | ၁၄၅ | ၃၂၀ | ၁၄ | ၆၇၂ |
| ၄ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၅ | ၅၅ | ၂၄၃ | ၅ | ၄၂၈ |
| ၅ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | ၁၅၉ | ၇၆ | ၃၄၁ | ၈ | ၅၈၄ |
| ၆ | ပြည်သူ့ပါတီ | ၁၅၂ | ၇၃ | ၂၇၈ | ၉ | ၅၁၂ |
| ၇ | တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီ | ၂၀၃ | ၂၁၃ | ၅၂၅ | ၁၉ | ၉၆၀ |
| ၈ | တစ်သီးပုဂ္ဂလ | ၅၁ | ၃ | ၃၃ | ၈ | ၉၅ |
| စုစုပေါင်း | | ၁၃၃၀ | ၈၃၂ | ၂၆၉၆ | ၁၀၅ | ၄၉၆၃ |

အဆိုပါ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုများကို ၂၃ - ၉ - ၂၀၂၅ ရက်နေ့မှ ၄ - ၁၀ - ၂၀၂၅ ရက်နေ့အထိ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခဲ့ကြသည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီး၌ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ထားဝယ် စက်တင်ဘာ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းသည် ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ရိပ်သာခန်းမ၌ တိုင်းဒေသကြီးနှင့်ခရိုင်အတွင်းရှိ မြို့နယ်များမှ ရွေးကောက်ပွဲ ကော်မရှင်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲ လုပ်ငန်းများနှင့် စပ်လျဉ်းပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ရိပ်သာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေသည့် ဌာနဆိုင်ရာများအနေဖြင့် နယ်မြေဒေသ အခြေအနေအပေါ် မူတည်၍လုပ်ကိုင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးသည် သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် လုပ်ကိုင်ဆောင်ရွက်သည့်အခါတွင် အားသာချက်၊ အားနည်းချက်အပေါ် မူတည်၍ ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး မြန်မာအီလက်ထရောနစ် မဲပေးစက်များ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လှိုင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးထိန်လင်းဦးက ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားကာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ခေတ်ရေစီးကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် မြန်မာ့လယ်ယာအနာဂတ်

မိုးကေနိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့သို့ အလုပ်သဘောခရီးရောက်ရှိခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့သည် ထိုမြို့တွင် တည်ရှိသော Beidahaung Smart Agriculture Exhibition Center ၌ ပြသသည့် ခေတ်မီဒစ်ဂျစ်တယ် လူမှုနည်းပညာ AI ဉာဏ်ရည်တုစနစ်အသုံးပြု စိုက်ပျိုးရေးပြုပြင်ပြောင်းလဲနေမှုများ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခွင့်ရခဲ့ခြင်းက မိမိနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် အလွန်တန်ဖိုးရှိလှပါသည်။



### စွမ်းဆောင်ရည်နှင့် တိကျသေချာသည့် တရုတ်နိုင်ငံ ခေတ်မီလယ်ယာစနစ် ပြုပြင်ပြောင်းလဲမှု

AI အသုံးပြု ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များက ကမ္ဘာတွင် အလျင်အမြန် တိုးတက်လာနေသည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ပြီး စားရေရိက္ခာ ဖူလုံရေးမှသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ခေတ်မီသောစိုက်ပျိုးမွေးမြူရေးမှသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအထိ စဉ်းစားတွေးခေါ်ပြီး AI ကို ထိထိရောက်ရောက် အသုံးပြုလာကြသည်ကို တွေ့ရသည်။ AI နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင်သည့်နိုင်ငံများတွင် တရုတ်နိုင်ငံက ရှေ့ဆုံးမှပါဝင်နေသည်။

အကြောင်းမှာ တရုတ်နိုင်ငံ၏တိုးလာမည့် လူဦးရေနှင့် ပါးစပ်ပေါက်များအတွက် Food Security ဖြစ်ရန်နှင့် အကန့်အသတ်ရှိလာသော အနာဂတ်လယ်မြေအနေအထားများကို ကြိုတင်မျှော်မှန်း၍ဖြစ်သည်။ ကမ္ဘာတွင်လည်း ထို့အတူ ၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေက ၉ ဒသမ ၇ ဘီလီယံကို ကျော်သွားမည်ဟု သိရသည်။ ယခုကဲ့သို့ တိုးပွားလာမည့်လူများ၏ စားရေရိက္ခာဖူလုံရေးအတွက် မည်သို့စဉ်းစားကြမလဲ၊ စိုက်ပျိုးမြေတိုးချဲ့ခြင်းကို စဉ်းစားရမည့်အပြင် ရှိပြီးသားစိုက်ပျိုးမြေများကို စွမ်းဆောင်ရည်ရှိရှိ မည်ကဲ့သို့ အသုံးချပြီး မည်သို့တိုးတက်အောင် ထုတ်လုပ်ကြမလဲ။ Efficiency of Land ဖြစ်မှသာလျှင် ထိရောက်အောင်မြင်မည်ဟူသော ယူဆချက်က ပို၍ခိုင်မာလာသည်။ ဤတွင် Smart Agriculture ခေါ် Digital Agriculture ဟူ၍ဖြစ်လာပြီး ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုစိုက်ပျိုးရေးနည်းနာများကြောင့် တိကျသေချာပြီး ထိရောက်မှုရှိသော စိုက်ပျိုးထုတ်လုပ်မှု Precision Farming အသွင် စိုက်ပျိုးရေးခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်သို့ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရသည်။

### AI ကိုအသုံးချရန် အချိန်ရောက်ပြီလား

AI စနစ်ဆိုသည်မှာ ခေတ်မီဒစ်ဂျစ်တယ် လူမဲ့ဉာဏ်ရည်တု နည်းပညာတစ်မျိုးပင်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ထိုနည်းပညာဖြင့် ဖန်တီးထားသော AI စက်ယန္တရားများက ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းမှုများကို ကောင်းစွာအထောက်အကူပြု နေကြောင်း လေ့လာသိရှိရသည်။ AI ဒရုန်းများဖြင့် မျိုးကြဲပက်ရာတွင်လည်းကောင်း၊ ပိုးသတ်ဆေးဖျန်းရာတွင်လည်းကောင်း အလွန်တွင်ကျယ်နေသကဲ့သို့ လယ်ယာသုံး AI စက်ရုပ်များအကူအညီဖြင့် ပိုးမွှားအန္တရာယ်နှင့် မြေဆီလွှာအခြေအနေများကို စုံစမ်းဖော်ထုတ်ခွင့်ရရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၌လည်း ယခင်လက စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ဝန်ကြီးဌာနအဆင့် ပညာရှင်များ ဆွေးနွေးကြသည့် အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ သမားရိုးကျစိုက်ပျိုးမွေးမြူရေးမှသည် နည်းပညာအသုံးပြု Agricultural Transformation သို့ ကူးပြောင်းမည့် အစီအစဉ်များသည် မြန်မာနိုင်ငံစိုက်ပျိုးမွေးမြူရေး AI ခေတ်တစ်ခေတ်ဆီရောက်ရှိရန် အဆင်သင့်ဖြစ်စေမည့် တပ်လှန့်နှိုးဆော်သံအလား ယူဆမိပါသည်။ သီးနှံ ၁၀ မျိုးတွင် ပထမဆုံး စပါး၊ ထို့နောက် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ မွေးမြူရေးကဏ္ဍတွင်လည်း ကူးစက်တတ်သည့် ရောဂါပိုးမွှားများနှင့် ကုသရေးအပိုင်း၊ ထိုအပိုင်းများကို AI နှင့် စတင်မိတ်ဆက်မည့် အစီအစဉ်တချို့ကို ခန့်မှန်းမိသည်။ ထို့ပြင် ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် AI စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အပတ်စဉ်ဆွေးနွေးပွဲများကို ပုံမှန်ပြုလုပ်ကြကြောင်းလည်း သိရှိရသည်။

ပြည်တွင်း၌ ထိုကဲ့သို့ အစပျိုးအစီအစဉ်များနှင့်အတူ တရုတ်နိုင်ငံတွင် AI အသုံးပြု၍ စိုက်ပျိုးမွေးမြူရေး တိုးတက်ဖွံ့ဖြိုးမှုများကို နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့၏လေ့လာမှုရလဒ်များမှ နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့် အလားအလာကောင်းများအဖြစ် မြင်မိပါသည်။ အမှန်တကယ်လည်း နည်းလမ်းသစ်များကို ရှာဖွေရမည့် အခြေအနေဖြစ်သည်။ စတုတ္ထစက်မှု AI တော်လှန်ရေးကို အမီလိုက်ပြီး နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးမှာ AI ကို အဓိကမောင်းနှင်အားအဖြစ် အသုံးချရန် အချိန်ရောက်ပြီဟု မြင်ပါသည်။

### အခြေခံအချက်များကို ဖြည့်ဆည်းနိုင်မည့် AI

မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အဓိကအားထားနေရသည့် နိုင်ငံတစ်နိုင်ငံအတွက်ရော မည်သို့အကဲဖြတ်၍ မည်သို့စဉ်းစားချက်များ ရှိနိုင်ပါမည်နည်း။ ဆင်းရဲသည့်ဘဝဖွံ့ဖြိုးဆဲအနေအထားများမှ ရုန်းကန်တိုးထွက်ကာ ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အင်အားကြီးအဆင့် တက်လှမ်းနေသည့် အိမ်နီးချင်းတရုတ်နိုင်ငံကြီး၏ ဥပမာက မြန်မာနိုင်ငံအတွက် လေးစားအတုယူစရာဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း မတည်ငြိမ်မှုအခြေအနေများကြားမှ ကဏ္ဍစုံတွင် ကြိုးစားဖြေရှင်းနေရသည့် အခြေအနေဖြစ်သည်။

စိုက်ပျိုးထုတ်လုပ်မှုမှသည် GDP တိုးတက်ပြီး အလုပ်အကိုင်ဖန်တီးနိုင်မှုနှင့် စီးပွားရေးကို အထောက်အကူပြုသည့် ပြည်ပတင်ပို့မှုအထိ ရည်မှန်း၍ ကြိုးစားဆောင်ရွက်နေမှု (Economic Contribution)၊ လုံလုံလောက်လောက် စိုက်ပျိုးထုတ်လုပ်ပြီး အာဟာရပြည့်ဝမှုနှင့် ပြည်တွင်းစားရေရိက္ခာဖူလုံမှု (Food Security)၊ ကျေးလက်အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူများ အသက်မွေးဝမ်းကျောင်းအဆင်ပြေလာနိုင်မှု (Rural Development)၊ စိုက်ပျိုးမြေကို အသုံးချရာတွင် ဂေဟစနစ်ကို မထိခိုက်စေဘဲ သဘာဝပတ်ဝန်းကျင်ကိုပါ စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် (Environmental Management)များအထိ ရည်မှန်းချက်များထားရှိပါသည်။ တရုတ်နိုင်ငံက စိုက်ပျိုးမွေးမြူရေးကို တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထိုအချက်များတွင် အောင်မြင်မှုများရှိနေကြောင်း လေ့လာသိရှိရသည်။ ယခုလိုဆောင်ရွက်ရာတွင် AI စနစ်များ၊ သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများက ကောင်းစွာအထောက်အကူပြုနေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌လည်း ရာသီဥတုများပြောင်းလဲလာမှု၊ ရေလိုအပ်ချက် များပြားလာမှု စသည့် အကြောင်းကြောင်းများကြောင့် လယ်ယာလုပ်ငန်းခွင်ကို စွန့်ခွာပြီး လယ်ယာလုပ်သားရှားပါးလာမှုပြဿနာများကို ကြိုးစားဖြေရှင်းနေရသည်။ လယ်ယာလုပ်သားရှားပါးမှုနှင့်ပတ်သက်၍ အဓိကအကြောင်းရင်းက မိမိလယ်ယာမြေကို စွန့်ခွာမှုက အဓိကအကြောင်းရင်းဖြစ်နေသည်။ မည်သည့်အတွက်ကြောင့် စွန့်ခွာကြသလဲ၊ မြို့ပြ/ နိုင်ငံရပ်ခြားသို့ အခြားအလုပ်အကိုင်များ ပြောင်းရွှေ့လုပ်ကိုင်ကြခြင်း၊ လယ်ယာခွင်အပေါ် စိတ်ဝင်စားမှုနည်းလာခြင်း၊ စိုက်ပျိုးရေရရှိမှုနှင့် စိုက်ပျိုးမြေအနေအထားများ ပြောင်းလဲလာခြင်း၊ ကျေးလက်အခြေခံအဆောက်အအုံများ လိုအပ်ချက်၊ ကျန်းမာရေး၊ ပညာရေးမှအစ အကျိုးအမြတ်အထိ အကြောင်းရင်းအမျိုးမျိုးရှိကြသည်။ ထို့ကြောင့် စက်မှုလယ်ယာကဏ္ဍမှ ခေတ်မီနည်းစနစ်များအထိ မည်ကဲ့သို့သွားသင့်သလဲ စသည့် အခြေအနေများကို ပြီးခဲ့သည့်နှစ်က ဖွံ့ဖြိုးမှုမဟာဘာသာရပ်သင်တန်းတက်ရောက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ သုတေသနစာတမ်းတစ်ခုတွင် ဖော်ထုတ်ချက်များအရလည်း တစ်စိတ်တစ်ပိုင်း အကဲဖြတ်နိုင်ခဲ့သည်။

### စွမ်းဆောင်ရည်နှင့် တိကျသေချာမှုအပိုင်းမှာ

ထိုအခြေအနေများအရနှင့် ကမ္ဘာ့တိုးတက်ပြောင်းလဲမှုများနှင့်အညီ AI ကို မြန်မာ့အနာဂတ်စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် အားထားရန်သင့်သည့်အပြင် နည်းလမ်းသစ်များကိုလည်း ဆက်လက်ရှာဖွေနေရမည်ဟုမြင်ပါသည်။ ရေတိုတွင် အခက်အခဲနှင့် စိန်ခေါ်မှုများရှိမည်မှာ သေချာသော်လည်း ကျော်လွှားနိုင်သမျှကျော်လွှားကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်ကြိုးစားပြီး ရေရှည်တွင် ဘက်စုံအကျိုးအမြတ်များအထိ ကြည့်၍ ထိရောက်အောင်ဆောင်ရွက်သင့်ပါသည်။ သွင်းအားစုများဖြစ်သည့် ရေ၊ မျိုးစေ့၊ မြေသြဇာကို အပိုအလိုမရှိ နည်းနိုင်သမျှနည်းအောင် AI အကူအညီဖြင့် စီမံခြင်းဖြင့် စွမ်းဆောင်ရည်ပိုကောင်းအောင်၊ ပို၍ တိကျသေချာစေအောင် ဆောင်ရွက်သွားနိုင်မလား စဉ်းစားရပါမည်။

စိုက်မြေစိုထိုင်းဆ၊ အာဟာရနှင့် ရာသီဥတုအခြေအနေကို AI က ခွဲခြမ်းစိတ်ဖြာပေးနိုင်သည်ဟု ဆိုပါသည်။ သို့ဆိုလျှင် AI ကြောင့် စိုက်ပျိုးရေးသွင်းအားစုများကို လျှော့ချပေးပြီး သီးနှံအထွက်နှုန်းကို မြှင့်တင်ပေးနိုင်မလား၊ စိုက်ခင်း၌ မည်သည့်ပိုးမွှားများကျရောက်ပြီး မည်သည့်ရောဂါများဖြစ်နေသလဲ၊ ပိုးမွှားနှင့် သီးနှံရောဂါများအတွက် ကြိုတင်ကာကွယ်နိုင်မလား၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း လျှော့ချပေးနိုင်မလား၊ မြန်မာတောင်သူများ၏ သမားရိုးကျအတွေ့အကြုံများနှင့် ခေတ်မီနည်းစနစ်များကို ပေါင်းစပ်၍ စဉ်းစားဆောင်ရွက်နိုင်ကြလျှင် ပိုပြီး အောင်မြင်မှုရှိမည်ဟုလည်း ယူဆပါသည်။

ခေတ်ရေစီးကြောင်းအတိုင်း AI Application ထည့်သွင်းထားသည့် စမတ်ဖုန်းများ ဖြစ်လာကြသည်။ တရုတ်တောင်သူများက AI စမတ်ဖုန်းများဖြင့် စိုက်ခင်းသီးနှံပုံရိပ်များ ရိုက်ကူးပြီး ရရှိလာသည့်သီးနှံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အကောင်းဆုံးအသုံးချကာ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ရာတွင် ထိပ်တန်းရောက်နေပြီဖြစ်ကြောင်း သိရှိရသည်။ AI မှ ရရှိသည့် စိုက်ပျိုးရေးဆိုင်ရာ၊ ရာသီဥတုဆိုင်ရာ အချက်အလက်များကြောင့် သီးနှံအထွက်နှုန်းကို စာမျက်နှာ ၇ သို့

> စိုက်မြေစိုထိုင်းဆ၊ အာဟာရနှင့် ရာသီဥတုအခြေအနေကို AI က ခွဲခြမ်းစိတ်ဖြာပေးနိုင်သည်ဟု ဆိုပါသည်။ သို့ဆိုလျှင် AI ကြောင့် စိုက်ပျိုးရေးသွင်းအားစုများကို လျှော့ချပေးပြီး သီးနှံအထွက်နှုန်းကို မြှင့်တင်ပေးနိုင်မလား၊ စိုက်ခင်း၌ မည်သည့်ပိုးမွှားများကျရောက်ပြီး မည်သည့်ရောဂါများဖြစ်နေသလဲ၊ ပိုးမွှားနှင့် သီးနှံရောဂါများအတွက် ကြိုတင်ကာကွယ်နိုင်မလား၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း လျှော့ချပေးနိုင်မလား၊ မြန်မာတောင်သူများ၏ သမားရိုးကျအတွေ့အကြုံများနှင့် ခေတ်မီနည်းစနစ်များကို ပေါင်းစပ်၍ စဉ်းစားဆောင်ရွက်နိုင်ကြလျှင် ပိုပြီး အောင်မြင်မှုရှိမည်

# မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်း (ICSP)၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာ ၂၆ ရွာအား ရန်ပုံငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းမှရရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကျေးရွာ ၂၆ ရွာကို ရွေးချယ်ပြီး ရန်ပုံငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာခေါင်းဆောင်များ တက်ရောက်ကြသည်။



**ပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း စံပြကျေးရွာဆောင်ရွက်ကြသည့် ကျေးရွာခေါင်းဆောင်များက မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းတွင် ရွာသူရွာသားများ တက်တက်ကြွကြွ ပါဝင်အောင်စည်းရုံးနိုင်သော ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန်လိုကြောင်း "ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သည်" ဆိုသော ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်း၏ လက်စွဲဆောင်ပုဒ်နှင့်အညီ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းရှိ ကျေးရွာများအားလုံး ဖွံ့ဖြိုးတိုးတက်အောင် အတူလက်တွဲ၍ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းဒေသများဖြစ်သည့် ပဲခူး၊ မကွေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကျေးရွာ ၂၆ ရွာ အတွက် ရန်ပုံငွေများ ပေးအပ်ပြီး ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သင်တန်းထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ကျေးရွာခေါင်းဆောင်တစ်ဦးစီက လက်ခံရယူကြသည်။

ယနေ့အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုရှိ ကျေးရွာ ၂၆ ရွာမှ ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာစီမံကိန်းအဖြစ် အကောင်အထည်ဖော်ရန် ပေးအပ်ခြင်းဖြစ်ပြီး စီမံကိန်းကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ လျာထားအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းချက်များမရှိစေရန် ငွေစာရင်းလုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာသင်တန်းကိုလည်း တစ်ပါတည်းပို့ချပေးပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့၌ ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးစီမံကိန်းဖြင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

မကွေး စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေ တိုးပွားရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က ထူးချွန်သင်တန်းသူ ၁၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။



မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း ၂၀ ခု ဆောင်ရွက်၍ သင်တန်းများပေးခြင်း၊ ထူးချွန်သော သင်တန်းသားသင်တန်းသူများ ရွေးချယ်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ညောင်တုန်းမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအသိပညာပေး စစ်ဆေးဆောင်ရွက်

ညောင်တုန်း စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

☆ စာမျက်နှာ ၆ မှ

ခန့်မှန်းလာနိုင်ကြသည့်အပြင် ရောင်းလိုအား၊ ဝယ်လိုအား ဈေးကွက်အနေအထားမှအစ AI က တွက်ချက်ပေးနိုင်သည်ဟု သိရှိရသည်။ ရလဒ်က စိုက်ပျိုးရေးလယ်ယာခွင်မှသည် ဈေးကွက်နှင့် ထောက်ပံ့ရေးကွင်းဆက် (Supply Chain) ပိုမိုကောင်းမွန်အောင် ချိတ်ဆက်လာနိုင်ခြင်းပင်ဖြစ်သည်။

ရာသီဥတု သတင်းအချက်အလက်များကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်သည့် သီးနှံအမျိုးအစားကိုပင် ပြောင်းလဲစိုက်ပျိုးနိုင်ကြသည်။ တရုတ်စိုက်ပျိုးရေးကုမ္ပဏီများ၊ လယ်သမားအစုအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်လုပ်ငန်းရှင်များက AI အပြင် စိုက်ပျိုးရေးသုံးစက်ရုပ်၊ ဒရုန်းများမှ ရရှိသည့် ကိန်းဂဏန်း သတင်းအချက်အလက်များကိုပါ ပေါင်းစပ်သုံးစွဲနေကြကြောင်း လေ့လာသိရှိရပါသည်။ နောက်တစ်ချက်က တရုတ်နိုင်ငံ၏ ခေတ်မီလယ်ယာတော်လှန်ရေး မော်ဒယ်တွင် မပါမဖြစ်ပါရှိသည့်စနစ်တစ်ခုက Smart Irrigation ဟု ခေါ်သည့် ခေတ်မီရေသွင်းရေလောင်းစနစ်ဖြစ်သည်။ ဤစနစ်တွင် အလိုအလျောက် ရေကိုစီမံခန့်ခွဲပြီး ရေဖျန်းခြင်း၊ ရေသွင်းခြင်းအပြင် မြေထုစိုထိုင်းဆနှင့် ပါဝင်သည့်အာဟာရကို တိုင်းတာတွက်ချက်နိုင်သည့်စနစ်များပါဝင်သည်ဟု ဆိုပါသည်။

AI အသုံးပြု စိုက်ပျိုးရေးနယ်ပယ်၌ အထူးသဖြင့် မြန်မာ့လယ်ယာကဏ္ဍတွင် အခက်အခဲများ၊ စိန်ခေါ်မှုများက မလွဲမသွေရှိမည်မှာ သေချာပါသည်။ လျှပ်စစ်မီးနှင့် အင်တာနက်ရရှိမှုအနေအထား၊ တောင်သူအများစုကြုံတွေ့ရမည့် ဒစ်ဂျစ်တယ်နှင့် AI နည်းပညာနှင့် အသစ်အဆန်း (Digital AI Literacy)၊ ရင်းနှီးမြှုပ်နှံမည့် ကုန်ကျစရိတ်ပမာဏ၊ ထိန်းသိမ်းစောင့်ရှောက်ရမှု စသည့် နယ်ပယ်များတွင် ဖြစ်သည်။ ထို့ပြင် AI တွင် ထည့်သွင်းထားသည့် ဒေတာများ မှန်ကန်မှုမရှိက ထွက်လာသည့် အချက်အလက်များလည်း မှားယွင်းနိုင်သည်။

မည်သို့ဆိုစေ အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားရမည်သာဖြစ်သည်။ သို့သော် လက်ရှိမြန်မာ့စိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်များအရနှင့် ရေရှည်အကျိုးဖြစ်ထွန်းမှု အလားအလာ၊ စဉ်ဆက်မပြတ်တည်တံ့ပြီး အနာဂတ်အလားအလာများအရ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမည်ဟုသာ မြင်ပါသည်။ လယ်ယာလုပ်သားရှားပါးသည့် အခြေအနေတွင် အလုပ်သမားကုန်ကျစရိတ်နှင့် လုပ်အားခလျှော့ချလာနိုင်မည့်၊ စိုက်ပျိုးရေရှားပါးသည့် အခြေအနေ၌ ရေကိုချွေတာနိုင်မည့် အားသာချက်များကို မြင်ရပါသည်။ မြေဆီလွှာပါဝင်မှုနှင့် အာဟာရကိုတွက်ချက်နိုင်ခြင်း၊ ရာသီဥတုကို ခန့်မှန်းနိုင်ခြင်းတို့ကြောင့် သွင်းအားစုအရင်းအမြစ်များကိုစီမံခန့်ခွဲရာတွင် ပိုမိုအားကောင်းသွားစေမည်။

ထို့ပြင် မိမိတို့ လက်ရှိနေထိုင်သည့် ကမ္ဘာမြေကြီးကိုလည်း ပို၍ ကျန်းမာသန့်စွမ်းသွားစေမည်။ စောင့်ကြည့်နှင့် ထိန်းချုပ်စနစ် အားသာချက်များကြောင့်လည်း သီးနှံဆုံးရှုံးမှုကို လျှော့နည်းစေပြီး အထွက်နှုန်းတိုးစေသည့် မက်လုံးက လက်ရှိလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့်အချက်များပင်ဖြစ်သည်။ သို့သော် AI စိုက်ပျိုးရေးနှင့်ပတ်သက်သည့် သုတေသနများကိုမူ ဆက်လက်ပြုလုပ်ရမည်ဖြစ်သည်။ အချို့နေရာများတွင် Pilot Project များဖြင့် အစပျိုးထားသင့်သည်။ တောင်သူများကို နည်းပညာကျွမ်းကျင်မှုသင်တန်းများ ပြုလုပ်ပေးရမည်။

နောက်ဆုံးဖြစ်သော်လည်း အရေးကြီးသော အချက်တစ်ခုက ရှိပါသေးသည်။ ပြုပြင်ပြောင်းလဲမှု အသစ်အသစ်တိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းရန် လိုအပ်သည်ဆိုသောအချက်ပင်။ အားလုံး၏ လိုလိုလားလား စိတ်ဝင်တစားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အောင်မြင်မှုတိုင်း၏ အဓိကအချက်တစ်ခုအဖြစ် ပါဝင်နေသောကြောင့် ဖြစ်ပါသည်။ ။

# ပုသိမ်မြို့၌ အခြေခံပညာ ကျောင်းသားအားကစားပွဲတော် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ပုသိမ် စက်တင်ဘာ ၂၃

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာ ကျောင်းသားအားကစားပွဲတော် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပုသိမ်ခရိုင်အသင်းနှင့် လပွတ္တာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ယင်းပွဲစဉ်တွင် ပုသိမ်ခရိုင်အသင်းက လပွတ္တာခရိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမား၊ အကောင်းဆုံးကစားသမားဆု ရရှိသူများအား ဆုတံဆိပ်များကို တိုင်းဒေသကြီး အတွင်းရေးမှူး၏ ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများနှင့် တိုင်းဒေသကြီးဥပဒေချုပ်တို့က လည်းကောင်း၊ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမား၊ အကောင်းဆုံးကစားသမားဆု ရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးများကလည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြပြီး အားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင် အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်သည်။

ယခုနှစ် ဧရာဝတီတိုင်းဒေသကြီးအဆင့် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို ဘောလုံး (ကျား၊ မ)၊ ဘော်လီဘော(ကျား၊ မ)၊ ဘတ်စကက်ဘော(ကျား၊ မ)၊ ကြက်တောင်(ကျား၊ မ)၊ ပိုက်ကျော်ခြင်း (ကျား၊ မ)၊ ပြေးခုန်ပစ် (ကျား၊ မ)၊ စားပွဲတင်တင်းနစ် (ကျား၊ မ) စသည့် အားကစားနည်းခုနစ်မျိုးဖြင့် စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ပုသိမ်မြို့ ပေါ်ရှိ ကိုးသိန်းအားကစားကွင်း၊ ကျောက်တိုင် အားကစားကွင်း၊ ကိုးသိန်းအားကစားရုံနှင့် အထက်တန်းကျောင်း ဘောလုံးကွင်းတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ညောင်ဦး စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက် ညနေပိုင်းက ညောင်ဦးခရိုင် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ကော်မတီအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသော်ထိုက်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အေးမင်းစိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က အလွတ်တန်း ဘောလုံးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်ဘောလုံး အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားကာ အလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မအူပင် စက်တင်ဘာ ၂၃

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာ ပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်း ကျောင်းခန်းမ၌ ဆောင်ရွက် သည်။

**အသိပညာပေးဟောပြော**

အသိပညာပေး ဟောပြောပွဲ တွင် မအူပင်မြို့နယ် မီးသတ်ဦးစီး



ဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးငွေက မီးဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးဟောပြော ပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းကို သရုပ်ပြ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်း သတ်ခြင်းသရုပ်ပြပွဲသို့ မအူပင် မြို့နယ် မီးသတ်ဦးစီးဌာန မီးသတ် တပ်ဖွဲ့ဝင်များ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုး ရေး သင်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး သိလိုသည် များကို မေးမြန်းရာ တာဝန်ရှိသူ များက ပြန်လည်ရှင်းလင်းဖြေကြား ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ် ရွှေပြည်နှိုးစားနွားမွေးမြူရေးသမဝါယမအသင်း စည်းဝေး



ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေပြည်နို့စားနွား မွေးမြူရေးသမဝါယမအသင်း၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အဆိုပါအသင်းရုံး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သမဝါယမအသင်း သဘာပတိ ဦးမနိုးအောင်အောင်က အသင်း၏လက်ရှိဆောင်ရွက်နေမှုများနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျော့ကေဟန်က အသင်းမှ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များက အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကိုဖတ်ကြား၍ အတည်ပြုချက်ရယူကာ အသင်းသားများအား လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်း ဦးဆောင်၍ အရာရှိအဆင့် ငါးဦး၊ တပ်ဖွဲ့ဝင် /စာရေးဝန်ထမ်းများ စုစုပေါင်း ၃၅ ဦးတို့ စက်တင်ဘာ ၂၀ ရက်က ကျိုက်မရောမြို့ရှိ သမိုင်းဝင် ဆုတောင်းပြည့် ဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ကျိုက်မရော(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ ဒုတိယရဲမှူးကြီး အောင်ကျော်ဦး ဦးစီးသောတပ်ဖွဲ့ဝင်များက ကျောက်တန်းမြို့ အေးမြသီတာရပ်ကွက်ရှိ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ရဲတပ်ရင်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမိစံ၊ ဆရာဆရာမများနှင့်အတူ ကျောင်းတွင်း ကျောင်းပြင်ရှိ ချုံနွယ်/မြက်တို့ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ နိုးတူး(ကျောက်တန်း)





(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် ပြည်သူ့ဆေးရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မောင်မောင်လွင်ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကျော်သူရ(ကော့မှူး)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြုလက်ရွေးစင်အသင်းများအား အောင်နိုင်ရေးအလံ ပေးအပ်

တောင်ကြီး စက်တင်ဘာ ၂၃

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ၊ ဘိလိယက်/စနူကာပြိုင်ပွဲနှင့် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် ကိုယ်စားပြု လက်ရွေးစင်အသင်းများအား အောင်နိုင်ရေးအလံပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် အေရိုးဗစ်လက်ရွေးစင် အသင်း၊ ဘိလိယက်နှင့်စနူကာအသင်း၊ အသက်(၂၅) နှစ်အောက် အမျိုးသမီးဘောလုံးလက်ရွေးစင်အသင်း တို့အား အောင်နိုင်ရေးအလံနှင့် ပြိုင်ပွဲကုန်ကျစရိတ် ချီးမြှင့်ငွေများပေးအပ်ရာ အသင်းအုပ်ချုပ်သူနည်းပြ နှင့် အားကစားသမားများက လက်ခံရယူကြသည်။

ယင်းနောက် ရှမ်းပြည်နယ် အေရိုးဗစ်၊ ဘိလိယက် နှင့် စနူကာအသင်း၊ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းများကိုယ်စား တာဝန် ရှိသူတစ်ဦးက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ ကိုတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် တပ်မတော်သားမိသားစုဝင်များ ဝင်ငွေတိုးပွား လာစေရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွက်လာရေးအတွက်ရည်ရွယ်ပြီး တောင်ကြီးမြို့ သံလွင်ခန်းမ၌ကျင်းပသော ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တပ်မတော်သားမိသားစုဝင်များ အတွက် ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းသုံးအထောက် အကူပြုပစ္စည်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြကာ သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းနှင့် အပ်ချုပ်စက်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၂ ရက်အထိ တစ်လကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသူ ၁၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုက်စညီနိုဂိုရပ်ဖ်မြို့၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ဦးဆောင်သည့် မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုက်စညီနိုဂိုရပ်ဖ်မြို့၌ ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံသို့ တက်ရောက်ခဲ့သည်။

**ကြည့်ရှုလေ့လာ**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် Nizhny Novgorod Fair ခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူငယ်ပွဲတော်ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကမ္ဘာတစ်ဝန်း လုံးရှိ လူငယ်များနှင့် တွေ့ဆုံနှုတ်ဆက်ကာ စက်တင်ဘာ ၁၈ ရက်တွင် နိုင်ငံတကာရှိ လူငယ် များ၏ မီဒီယာကဏ္ဍ၊ စက်မှုတီထွင်နိုင်စွမ်းကဏ္ဍ၊ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကဏ္ဍ၊ ပညာရေးနှင့်သိပ္ပံ ကဏ္ဍ၊ စွန့်ဦးတီထွင်မှုကဏ္ဍ၊ အားကစားကဏ္ဍနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ကဏ္ဍအလိုက်လှုပ်ရှားဆောင်ရွက်မှုများကို လိုက်လံ ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရုရှားနိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ Nizhny Novgorod Fair တွင်ကျင်းပသည့် လူငယ်များ၏စကားဝိုင်း အခမ်း အနားအစီအစဉ်သို့ တက်ရောက်ခဲ့ပြီး စကားဝိုင်း အခမ်းအနားတွင် မြန်မာနိုင်ငံ လူငယ်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးရာ နိုင်ငံတကာ မှ လူငယ်အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက မြန်မာလူငယ်များအနေ ဖြင့် အာဆီယံနှင့် နိုင်ငံတကာလူငယ်အစီအစဉ်များ၊ ပြိုင်ပွဲများနှင့်ဆွေးနွေးပွဲများတွင် တက်ရောက်နိုင်ရေး အတွက် အခွင့်အလမ်းများကို ပူးပေါင်းဖန်တီး ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ လူငယ်များ၏ စွမ်းဆောင်ရည် မြင့်မားစေရန်နှင့် ကိုယ်ပိုင်အတွေး အခေါ်များ တိုးတက်လာစေရန်ရည်ရွယ်၍ လူငယ် စကားဝိုင်းအစီအစဉ်များ၊ လူမှုအကျိုးပြု စေတနာ့ ဝန်ထမ်းလုပ်ငန်းအစီအစဉ်များကိုပါ ထည့်သွင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းလူငယ် များအပါအဝင် လူငယ်များအား နိုင်ငံ၏ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင် နိုင်စေရန်အတွက် တိုက်တွန်းအားပေးဆောင်ရွက် လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေးစောင့်ရှောက် မှု၊ အားကစားနှင့်အပန်းဖြေမှု၊ ပြည်သူ့အကျိုးပြု လုပ်ငန်းနှင့် နိုင်ငံ့သားကောင်းဖြစ်မှု၊ ကျား/မ တန်းတူ ညီမျှမှုနှင့် လူ့အခွင့်အရေး အစရှိသည့် ကဏ္ဍစုံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ ကြောင်း ဆွေးနွေးခဲ့သည်။




အဆိုပါကမ္ဘာ့လူငယ်ပွဲတော်ညီလာခံအခမ်းအနား သို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ မှ လူငယ်ကိုယ်စားလှယ် ၂၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Egor LITVINENKO, Deputy Head of the Federal Agency for youth Affairs နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ အနေဖြင့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အတွက် အဘက်ဘက်မှ ကဏ္ဍအလိုက် အကောင် အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံ များနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားရာ ရုရှား နိုင်ငံမှ Egor LITVINENKO, Deputy Head of the Federal Agency for youth Affairs ကလည်း လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြား ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂ၏ နှစ်(၈၀)ပြည့်အထိမ်းအမှတ် ကမ္ဘာလုံးဆိုင်ရာလူငယ်အနုပညာပြပွဲ ပေကျင်း၌ ကျင်းပ

ပေကျင်း စက်တင်ဘာ ၂၃

ကုလသမဂ္ဂ၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့ ကုလသမဂ္ဂရုံး၌ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ အကောင် အထည်ဖော်ခြင်းနှင့် ကမ္ဘာတစ်ဝန်း မျှဝေခံစားရမည့် အနာဂတ်အမည် ရှိ ကမ္ဘာ့လူငယ်ဆိုင်ရာပြပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပ သည်။




အခမ်းအနားသို့ China Media Group ဥက္ကဋ္ဌ Mr.Shen Haixiong နှင့် ကုလသမဂ္ဂရုံးချုပ်မှ ကမ္ဘာလုံးဆိုင်ရာ ဆက်ဆံရေး တာဝန်ရှိသူ Ms. Melissa Fleming တို့က ဗီဒီယိုသတင်း စကားများပေးပို့ကြပြီး CMG အနေ ဖြင့် ကုလသမဂ္ဂ၏လုပ်ဆောင် ချက်များကို ပိုမိုထုတ်လွှင့်ဖော်ပြ ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံ အကောင်အထည်ဖော် ခြင်းနှင့် ပိုမိုတိုးတက်မြင့်မားခြင်း နှင့်အတူ တရုတ်နှင့် ကမ္ဘာ့နိုင်ငံ များအကြား ပိုမိုချိတ်ဆက်မှု အားကောင်းခြင်း၊ အထင်အမြင် လွဲမှားမှုများကို ဖယ်ရှား၍ ယဉ်ကျေးမှုကွာခြားချက်များကို ပူးပေါင်းခြင်းတို့ ဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ ကုလသမဂ္ဂရုံးချုပ် တာဝန်ရှိသူက တရုတ်၏ ဗဟုအမြင်အား ကြိုဆိုကြောင်း နှင့် နှစ်(၈၀)ခရီး ကောင်းမွန်သည့် ဆောင်ရွက်ချက်များကို အနာဂတ် မျိုးဆက်များအထိ ဆက်လက် ယူဆောင်သွားနိုင်ရန် ရည်ရွယ် ကြောင်း ပြောကြားပြီး တရုတ် နိုင်ငံဆိုင်ရာ ကုလသမဂ္ဂညွှန်ကြား ရေးမှူးက ကုလသမဂ္ဂ၏ နှစ်(၈၀) ပြည့် အထိမ်းအမှတ်သည် အတိတ်ကိုသာ အာရုံမစိုက်ဘဲ အနာဂတ် တည်ဆောက်ခြင်းကို အဓိကထားရန်အခွင့်အလမ်းဖြစ် ကြောင်းထည့်သွင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ၏ အတူမျှဝေ သည့် အနာဂတ်ခေါင်းစဉ်ဖြင့် လူငယ်အနုပညာ ပြိုင်ပွဲများ အတွင်းမှ ထူးချွန်သည့်လက်ရာ များနှင့် လက်ရာရှင်များအား ဖော်ထုတ်ခဲ့ပြီး CGTN ၏ ကုလ သမဂ္ဂ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အထူး ထုတ်လုပ်ထားသည့် အစီအစဉ်အချို့ကို စတင် မိတ်ဆက်သည်။ ယနေ့ကျင်းပ သည့်အခမ်းအနားကို တရုတ် အခြေစိုက် မီဒီယာဖြစ်သည့် CGTN နှင့် တရုတ်နိုင်ငံအခြေစိုက် ကုလသမဂ္ဂ အဖွဲ့အစည်းများက ပူးပေါင်း ကျင်းပခြင်းဖြစ်ပြီး နိုင်ငံတကာမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာ မီဒီယာများ တက်ရောက်ကြသည်။

CGTN သည် အဆိုပါ လူငယ် အနုပညာပြိုင်ပွဲကို ဇူလိုင်လတွင် စတင်ခဲ့ပြီး နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ငြိမ်းချမ်းရေးနှင့် တရားမျှတမှု၊ ပညာရေး၊ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး၊ စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့် ရှောက်မှု စသည့် ကုလသမဂ္ဂ SDG ရည်မှန်းချက်များအပေါ် လူငယ်များ၏ အမြင်များကို ဖော်ထုတ်ခဲ့သည့်အနက် ဗီဒီယို ၁၅ ပုဒ်နှင့် ဓာတ်ပုံ ၂၀ ကို ထူးချွန် သည့် လက်ရာများအဖြစ် ရွေးချယ် ၍ CGTN ၏ ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်များ၌ ဖော်ပြပေး သွားမည်ဖြစ်သည်။ ယနေ့အခမ်း အနားသို့ မာလာဝီ၊ ပေါ်တူဂီ၊ ပြင်သစ်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့မှ ထူးချွန်လူငယ်အနုပညာရှင် ရှစ်ဦး တက်ရောက်ကြသည်။ **ခင်ရတနာ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ရက်ကန်းနှင့် ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်ပွဲတက်ရောက်

**စစ်တွေ စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကကျင်းပသည့်အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း ရက်ကန်းနှင့် ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



**ထောက်ပံ့**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုဖွင့်လှစ်မည့် ပေါင်မုန့်၊ ကိတ်မုန့် ထုတ်လုပ်မှုနည်းပညာသင်တန်းကို စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက်၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ရွာကြီးတောင်ရပ်ကွက်၊ လက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းကို ရွာသာယာကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်းသင်တန်း တစ်ခုလျှင် ထူးချွန်ပြီး လုပ်ငန်းထူထောင်လိုသူ သင်တန်းသားငါးဦးကို ရွေးချယ်၍ တစ်နိုင်တစ်ပိုင်ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လာနိုင်စေရန် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက စီမံကိန်းသင်တန်းများအတွက် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကိုပေးအပ်ရာ သင်တန်းသားသင်တန်းသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုကြပြီး ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(စစ်တွေ)သို့ သွားရောက်၍ သင်တန်းသူများအား ဆရာ ဆရာမများက လက်တွေ့သင်ကြားပြသနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ စားရိပ်သာအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှု

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီမှ စတင်ကာ အခြေခံပညာကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ဒေသန္တရကျန်းမာရေးဌာနများသို့ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ဒဂုံမြို့သစ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာရွှေပြည်စိုး ခေါင်းဆောင်သော ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် အမှတ်(၂)၊ (၅)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းတို့သို့ ကွင်းဆင်း၍ ပညာသင်ကြားနေမှုအခြေအနေများ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံ ကုသရေးဦးစီးဌာနမှ ဒေါက်တာသူရဇော်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများနှင့် ဆေးရုံပရဝဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက် ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာရွှေပြည်စိုးက လိုအပ်သည်များ မှာကြားကာ တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၁၃၃ ဒေသန္တရကျန်းမာရေးဌာနခွဲသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

# ကော့သောင်းမြို့ (၃)မိုင်ပြည်သူ့ရင်ပြင်ရှိ တိုင်းရင်းသားရိုးရာပြခန်းအား လွှဲပြောင်းပေးအပ်ပွဲ ပြုလုပ်

**ကော့သောင်း စက်တင်ဘာ ၂၃**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့ (၃)မိုင်ပြည်သူ့ရင်ပြင်ရှိ ပေ(၈၀ x ၃၀) တိုင်းရင်းသားရိုးရာ ပြခန်းအား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ပြုလုပ်သည်။




**လွှဲပြောင်းပေးအပ်**

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက အဖွင့်အမှာစကား ပြောကြား၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က တိုင်းရင်းသားရိုးရာပြခန်းနှင့် ပတ်သက်၍ မြေနေရာနှင့် အဆောက်အအုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းရင်းသားရိုးရာပြခန်း အဆောက်အအုံအား တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူထံသို့ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပင်လောင်းမြို့နယ်၌ တိုးတက်ခိုင်မာအားကောင်းသည့်လူမှုအသိုက်ဝန်းဖော်ဆောင်ရေး ကွင်းဆင်းဆောင်ရွက်



**ပင်လောင်း စက်တင်ဘာ ၂၃**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်ဝန်း ဖော်ဆောင်ရေးအတွက် ပင်လောင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပင်လောင်းကြီးကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

**အသိပညာပေးဟောပြော**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမြင့်က သမဝါယမ၏ လုပ်ငန်းပိုင်းဆိုင်ရာအကြောင်းကို လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုင်းအေးလှိုင်က မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာများ၊ တိရစ္ဆာန်များမှဖြစ်ပေါ်တတ်သည့် ရောဂါလက္ခဏာများနှင့်ပတ်သက်သည့် ကုသရေးဆိုင်ရာများအကြောင်းကို လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် ပင်လောင်းကြီးကျေးရွာအုပ်စု လွယ်မွန်းခမ်း လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ပင်လောင်းကြီးကျေးရွာနှင့် နမ့်ပါကျေးရွာ ကျေးရွာချင်းဆက်လမ်း ပေ ၉၀၀ (ကွန်ကရစ်) လမ်း ခင်းကျင်းနိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်းကို အသင်းဥက္ကဋ္ဌ ဦးစိုင်းတင်ထွန်းက ပေးအပ်လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဃ်န်းကျွန်းမြို့နယ် ရွှေ့ဆောင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရွှေ့ဆောင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ အသင်း၏ဥက္ကဋ္ဌ ဦးအောင်မျိုးတင့်က သဘာပတိအဖြစ်ဆောင်ရွက်၍ အသင်း၏ အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက အသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ရှင်းလင်း၍ အသင်းသားများက သဘောတူအတည်ပြုခဲ့ကြောင်း သိရသည်။

**သဃ်န်းကျွန်း(ပြန်/ဆက်)**



# လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ၂၀၂၃ - ၂၀၂၄ ခုနှစ်အကြောင်း သိကောင်းစရာ

အေးမွန် (လေဘာ)

**အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုများကို လေ့လာသုံးသပ်နိုင်ရန်နှင့် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ အသုံးပြုနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရှိ လူ့စွမ်းအားဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သော အညွှန်းကိန်းများကို စုစည်းပြုစုထားသည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် (Hand Book on Human Resources Development Indicators–HRDI) ကို နှစ်စဉ် ထုတ်ဝေလျက်ရှိပါသည်။**

ယခုနှစ် လက်စွဲစာအုပ်တွင် အညွှန်းကိန်းပေါင်း ၅၈ ခု ပါဝင်ပြီး လူဦးရေ၊ ဖွား/သေ စာရင်းအင်း၊ ကျန်းမာရေးနှင့် အာဟာရ၊ ပညာရေးနှင့် လေ့ကျင့်မှု၊ လုပ်သားစာရင်းအင်း၊ စီးပွားရေးစာရင်းအင်းများ၊ မြေယာအသုံးချမှုနှင့် အခြားစာရင်းအင်းများဟူ၍ ခေါင်းစဉ်များဖြင့် အခန်း (၁) မှ (၈) ထိ ကဏ္ဍအလိုက် လည်းကောင်း၊ အညွှန်းကိန်းများကို အမှတ်စဉ်အလိုက် စုပေါင်း၍ အခန်း (၉)တွင် လည်းကောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ထို့ပြင် ယင်းစာအုပ်တွင် အညွှန်းကိန်းများကို ၂၀၁၈–၂၀၁၉ ခုနှစ်မှ ၂၀၂၃–၂၀၂၄ ခုနှစ်ထိ ခြောက်နှစ်စာ ဖော်ပြထားသဖြင့် စာရင်းအင်းအခြေအနေများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သိရှိနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု အခြေအနေကိုလည်း နှစ်အလိုက် နှိုင်းယှဉ်သုံးသပ်နိုင်မည်ဖြစ်ပါသည်။

ဤလက်စွဲစာအုပ်ပါ အညွှန်းကိန်း ၅၈ ခု၏ ကိန်းဂဏန်း အချက်အလက်များကို ဝန်ကြီးဌာန ၂၁ ခုလက်အောက်ရှိ ဦးစီးဌာန ၄၄ ခု၊ တက္ကသိုလ်/ကောလိပ် ငါးခု၊ အသင်းအဖွဲ့ နှစ်ခုနှင့် ကော်မတီ တစ်ခုတို့က ပံ့ပိုးပေးထားခြင်းဖြစ်ပါသည်။ အဆိုပါကိန်းဂဏန်း၊ အချက်အလက်များသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ကော်မတီများမှ ပြုစု၊ တွက်ချက်ထားရှိခြင်းနှင့် စစ်တမ်း၊ သန်းခေါင်စာရင်းများမှ ရရှိခြင်းဖြစ်ပါသည်။ ထို့ပြင် စာအုပ်တွင် အညွှန်းကိန်းနှင့်သက်ဆိုင်သော အဓိပ္ပာယ်ဖော်ပြချက်များ၊ တွက်ချက်မှုများ (Glossary, Definition and Methodology) ကိုသာမက ကိန်းဂဏန်းရရှိသည့် အရင်းအမြစ်များကိုလည်း အောက်ခြေမှတ်ချက် (Foot Note) များဖြင့် ခိုင်မာစွာဖော်ပြထားပါသည်။

**လက်စွဲစာအုပ်၏သမိုင်းကြောင်း**

ဤလူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) အထောက်အပံ့ဖြင့် ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများရေးဆွဲ၍ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ဖော်ထုတ်အသုံးပြုရေးစီမံကိန်း (Use of HRDI for the Population and Development Planning Processes) အရ လက်စွဲစာအုပ် ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။

စီမံကိန်းအပြီး ၆–၈–၁၉၉၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးသို့ စီမံကိန်း၏ရလဒ်အဖြစ် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများ လက်စွဲစာစောင်တို့ကို တင်ပြခဲ့ရာ ဝန်ကြီးဌာနများအနေဖြင့် လက်ခံအသုံးပြုဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရန်အတွက် အလုပ်သမားဝန်ကြီးဌာနကဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က လမ်းညွှန်မှုပြုခဲ့ပါသည်။ အဆိုပါ လမ်းညွှန်ချက်နှင့်အညီ HRDI လက်စွဲစာအုပ်ကို ၁၉၉၇ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ရာ ယခုနှစ်ထုတ်ဝေသည့် "လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများလက်စွဲစာအုပ် ၂၀၂၃–၂၀၂၄ ခုနှစ်" သည် ငွေရတုအကြိုကိုပင် ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

**❛ ကိန်းဂဏန်း၊ အချက်အလက်များသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ကော်မတီများမှ ပြုစု၊ တွက်ချက်ထားရှိခြင်းနှင့် စစ်တမ်း၊ သန်းခေါင်စာရင်းများမှ ရရှိခြင်းဖြစ်ပါသည်။ ထို့ပြင် စာအုပ်တွင် အညွှန်းကိန်းနှင့်သက်ဆိုင်သော အဓိပ္ပာယ်ဖော်ပြချက်များ၊ တွက်ချက်မှုများကိုသာမက ကိန်းဂဏန်းရရှိသည့် အရင်းအမြစ်များကိုလည်း အောက်ခြေမှတ်ချက် (Foot Note) များဖြင့် ခိုင်မာစွာဖော်ပြထား ❜**

**အဆင့်ဆင့်ဆောင်ရွက်**

ယင်းသို့ HRDI စာအုပ်ထုတ်ဝေနိုင်ရန် စာအုပ်တွင်ပါရှိသည့် အညွှန်းကိန်းနှင့် သက်ဆိုင်သောဌာန၊ အဖွဲ့အစည်း၊ ကော်မတီများထံသို့ ကိန်းဂဏန်းအချက်အလက်များ တောင်းခံခြင်း၊ ရရှိလာသော ကိန်းဂဏန်းအချက်အလက်များကို ပြုစုခြင်း၊ HRDI လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ (Core Working Group–CWG) အစည်းအဝေးပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းများဖြင့် အဆင့်ဆင့်ဆောင်ရွက်ရပါသည်။

**❛ ယခုနှစ် လက်စွဲစာအုပ်တွင် အညွှန်းကိန်းပေါင်း ၅၈ ခုပါဝင်ပြီး လူဦးရေ၊ ဖွား / သေ စာရင်းအင်း၊ ကျန်းမာရေးနှင့် အာဟာရ၊ ပညာရေးနှင့်လေ့ကျင့်မှု၊ လုပ်သားစာရင်းအင်း၊ စီးပွားရေးစာရင်းအင်းများ၊ မြေယာအသုံးချမှုနှင့် အခြားစာရင်းအင်းများဟူ၍ ခေါင်းစဉ်များဖြင့် အခန်း (၁) မှ (၈) ထိ ကဏ္ဍအလိုက်လည်းကောင်း၊ အညွှန်းကိန်းများကို အမှတ်စဉ်အလိုက် စုပေါင်း၍ အခန်း (၉)တွင် လည်းကောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ထို့ပြင် ယင်းစာအုပ်တွင် အညွှန်းကိန်းများကို ၂၀၁၈- ၂၀၁၉ ခုနှစ်မှ ၂၀၂၃- ၂၀၂၄ ခုနှစ်ထိ ခြောက်နှစ်စာ ဖော်ပြထားသဖြင့် စာရင်းအင်းအခြေအနေများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သိရှိနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုလည်း နှစ်အလိုက် နှိုင်းယှဉ်သုံးသပ်နိုင်မည် ❜**

ယခုနှစ် HRDI လက်စွဲစာအုပ်ထုတ်ဝေနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ၏ရလဒ်ဖြစ်သော ပုဂ္ဂလိကအခန်းကဏ္ဍများမှ အညွှန်းကိန်းများ ပါဝင်ထည့်သွင်းစေရေး အကြံပြုထားကြသည့်အတိုင်း ယခုနှစ် လက်စွဲစာအုပ်တွင် ပညာရေးကဏ္ဍ၌ ပုဂ္ဂလိကကျောင်း၊ ကျောင်းသားကျောင်းသူအရေအတွက်များကို ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကအခန်းကဏ္ဍမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် အခြားစာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များ ပိုမိုရရှိစေရေးနှင့် ရှေ့နှစ်များတွင်ထုတ်ဝေမည့် လက်စွဲစာအုပ်များတွင် ထည့်သွင်းနိုင်ရေး ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤလက်စွဲစာအုပ်၏ အခန်း (၁) လူဦးရေကဏ္ဍတွင် မိမိတို့နိုင်ငံ၏ လူဦးရေနှင့် လူဦးရေတိုးတက်မှုနှုန်း၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေ၊ ဧရိယာသိပ်သည်းမှုနှင့် အိမ်ထောင်စုအရွယ်အစား၊ အသက်အုပ်စုနှင့် ကျား/မ အလိုက် လူဦးရေ၊ မှီခိုသူအချိုးတို့ကို ဖော်ပြထားပါသည်။

အခန်း (၂) ဖွား/သေစာရင်းအင်းကဏ္ဍတွင် မြန်မာနိုင်ငံ၏ ဖွား/သေ စာရင်းအင်းအချက်အလက်များဖြစ်သော မွေးနှုန်းကြမ်း၊ သေနှုန်းကြမ်း၊ သားဖွားမိခင်သေနှုန်းနှင့် မွေးဖွားစဉ် မျှော်မှန်းသက်တမ်းတို့ ပါရှိပါသည်။ အခန်း (၃) ကျန်းမာရေးနှင့် အာဟာရကဏ္ဍတွင် နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းနှင့် အသုံးအဆောင်ရရှိနိုင်မှုတို့ကို လွှမ်းခြုံဖော်ပြသည့် အချက်အလက်များနှင့် တိုင်းရင်းဆေးပညာကဏ္ဍများပါ လေ့လာနိုင်မည်ဖြစ်ပါသည်။

အခန်း (၄) ပညာရေးနှင့် လေ့ကျင့်မှုကဏ္ဍတွင် အခြေခံပညာနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ ဘာသာရပ်အလိုက် ဘွဲ့ရဦးရေ၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကကျောင်းများမှ ဆောင်ရွက်သည့် ကျွမ်းကျင်မှုအဆင့်အလိုက် ကာလတိုနှင့် ကာလရှည်သင်တန်းများ၊ နိုင်ငံခြားသား ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ နိုင်ငံခြားပညာတော်သင်စေလွှတ်ခဲ့သော အရေအတွက်များကို တွေ့ရှိရမည်ဖြစ်ပါသည်။ အခန်း (၅) လုပ်သားစာရင်းအင်းကဏ္ဍတွင် လုပ်သားအင်အား၊ လုပ်သားအင်အားပါဝင်မှုနှုန်းနှင့် အလုပ်လက်မဲ့နှုန်း၊ လုပ်ငန်းအမျိုးအစားအလိုက်နှင့် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လက်ရှိပျံ့နှံ့မှုနှုန်း၊ အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ရလုပ်သားများ၊ စစ်ဆေးအကဲဖြတ်သူများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်ရေးဌာနများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် နိုင်ငံအလိုက် အလုပ်သမားများစာရင်း၊ သဘော်ဝန်ထမ်း အလုပ်အကိုင်ရရှိမှုအခြေအနေ၊ လူမှုဖူလုံရေးအကျုံးဝင်အလုပ်ဌာနများ၊ အလုပ်သမားများ အခြေအနေနှင့် လူမှုဖူလုံရေးဆိုင်ရာအချက်အလက်များ ပါဝင်ပါသည်။

အခန်း (၆) စီးပွားရေးစာရင်းအင်းများကဏ္ဍတွင် ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်ဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် မှတ်ပုံတင်ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန်ဂျီဒီပီ၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာအချက်အလက်များ၊ ကဏ္ဍအလိုက် နိုင်ငံတော်အသုံးစရိတ်များ၊ စားသုံးသူဈေးဆန်းကိန်းများကို ဖော်ပြထားပါသည်။ အခန်း (၇) မြေယာအသုံးချမှုကဏ္ဍတွင် စိုက်ဧရိယာ၊ မြေယာအသုံးချမှုနှင့် သစ်တောဖုံးလွှမ်းမှုတို့ကို တွေ့ရှိရမည် ဖြစ်ပါသည်။ အခန်း (၈) အခြားစာရင်းအင်းများကဏ္ဍတွင် ပညာရေးအဆင့်အလိုက် အမျိုးသမီးကျောင်းသူ ပါဝင်မှုနှုန်း၊ အစိုးရနှင့် နိုင်ငံရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှု၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ သတင်းနှင့်ပြန်ကြားရေး၊ လူထုမီဒီယာနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ လူမှုဝန်ထမ်းစောင့်ရှောက်ရေး လုပ်ငန်းများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ လူမှုဝန်ဆောင်မှု ဆောင်ရွက်ပေးသော ကျေးရွာများ၊ မှုခင်းဖြစ်ပွားမှုနှုန်းတို့ကို လေ့လာနိုင်မည်ဖြစ်ပါသည်။

အခန်း (၉) အမှတ်စဉ်အလိုက် အညွှန်းကိန်းများကဏ္ဍတွင် အထက်ဖော်ပြပါအခန်း (၁) မှ အခန်း (၈) အထိကဏ္ဍများရှိ အညွှန်းကိန်းများကို အမှတ်စဉ်အလိုက် ရိုးရှင်းစွာ ဖော်ပြထားပါသည်။

**ဝင်ရောက်ကြည့်ရှုအသုံးပြုနိုင်ပြီ**

ဤသို့ လူ့စွမ်းအားဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သော အညွှန်းကိန်းများကို စုစည်းပြုစုထားသည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများလက်စွဲစာအုပ် (Hand Book on Human Resources Development Indicators–HRDI) ကို ယခင်ကာလများတွင် ပြည်တွင်း၊ ပြည်ပအစည်းအဝေးများ၊ ဆွေးနွေးပွဲများ သွားရောက်မည့်သူများသည် ရည်ညွှန်းကိုးကားပြောကြားနိုင်ရန် မပါမဖြစ် ယူသွားလေ့ရှိပါသည်။ သို့သော် ယခု ဒစ်ဂျစ်တယ်ခေတ်ကာလတွင်မူ မည်သည့်နေရာတွင်မဆို ရောက်ရှိသည့်နေရာမှ HRDI လက်စွဲစာအုပ်ပါ အချက်အလက်များကို မိမိတို့ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော www.mol.gov.mm မှ အချိန်အခါမရွေး၊ နေရာမရွေး ဝင်ရောက်ကြည့်ရှုအသုံးပြုနိုင်ပြီဖြစ်ပါသည်။

ထို့ကြောင့် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထားသော ၂၀၂၃–၂၀၂၄ ခုနှစ် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများလက်စွဲစာအုပ်ကို ဝန်ကြီးဌာနများ၊ အညွှန်းကိန်းနှင့်သက်ဆိုင်သောဌာနများနှင့် တက္ကသိုလ်စာကြည့်တိုက်များသို့ ၂၀၂၅ ခုနှစ် ဇွန်လတွင် ဖြန့်ဝေထားပြီးဖြစ်သကဲ့သို့ မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ သုတေသီများ၊ ကျောင်းသား ကျောင်းသူများက အလုပ်သမားဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာကြည့်ရှု၍ လိုအပ်သည့် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များကို အသုံးပြုနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။ ။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်





**ထားဝယ် စက်တင်ဘာ ၂၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် အခြေခံပညာ ကျောင်းသား အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းနေရာယူ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အလေးပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့ ကျင်းပသည့် တိုင်းဒေသကြီး အဆင့် အသက်(၁၈)နှစ်အောက် အခြေခံပညာ ကျောင်းသားအား ကစားပြိုင်ပွဲသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့်(၁၄)ကြိမ်မြောက် အာဆီယံ ကျောင်းသား အားကစားပွဲတော်တွင် သွားရောက်ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီး လက်ရွေးစင်များ ရွေးချယ်နိုင်ရန် ကျင်းပခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်က အားထားရသော ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် လက်ရွေးစင် အားကစားသမားမောင်မယ်များ ပေါ်ထွက်လာရေး မျှော်မှန်းပြီး ကျင်းပဆောင်ရွက်ပေးသည့် ပွဲတစ်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် အစွမ်းကုန်ကြိုးစားသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆို၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကာ ကျောင်းသား ကျောင်းသူများက ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ Fitness Dance အက၊ "တို့ပြည်ထောင်စုအတွက်" သီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ထားဝယ်အသင်းနှင့် ရေဖြူအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစား ဝါသနာရှင်များက ကြည့်ရှုအားပေးရာ ထားဝယ်အသင်းက ၁၅ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

တနင်္သာရီ တိုင်းဒေသကြီး အဆင့် အသက်(၁၈)နှစ်အောက် အခြေခံပညာ ကျောင်းသား အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ စားပွဲတင် တင်းနစ်၊ ဘတ်စကက်ဘော ပြိုင်ပွဲများကို စက်တင်ဘာ ၁၉ ရက်မှ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ




**ကျိုက်လတ် စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၄)ရပ်ကွက် ရွှေရောအောင်ခန်းမ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ဂုဏ်ထူးရ အောင်သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုဆုငွေနှင့် ဒုတိယဝန်ကြီးက ပညာရည်ချွန်ဆုပေးပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေကျပ် ၅၀၀၀၀၀ နှင့် ပညာရေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ တို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်း ခြောက်ကျောင်း၊ ဂုဏ်ထူးရအောင် သင်ကြားပေးခဲ့သည့် ဆရာ ဆရာမ ၃၂ ဦးတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဆုတံဆိပ်များနှင့် ဆုချီးမြှင့်ငွေများအား ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့်အဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလှူရှင်များနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**



(၆၁) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က ဒလမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦး၊ စခန်းမှူး ဒုတိယရဲမှူး အောင်မြတ်ဦးတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ စုပေါင်း၍ ဒလမြို့နယ်ပြည်သူ့ဆေးရုံအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

သျှင်ဝင်းသျှင်



ကံမမြို့ပေါ်(၄)ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆော်သြခြင်းများကို စက်တင်ဘာ ၂၃ ရက်က ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်သူလတ် ဦးဆောင်၍ တပ်ဖွဲ့ဝင်များဖြင့် ဆောင်ရွက်ကြစဉ်။

လင်းခန့်

# မင်းတုန်းမြို့၌ ကျောင်းတွင်းအာဟာရကျွေးမွေး

**မင်းတုန်း စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက KG ကျောင်းသား ကျောင်းသူ ၂၄ ဦးအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ကျွေးမွေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းလင်းအောင်နှင့် ဝန်ထမ်းများက ကြည့်ရှုအားပေးပြီး ခန္ဓာကိုယ်နှင့် ဦးနှောက်ဖွံ့ဖြိုးမှုတည်ဆောက်သည့် အရွယ်အတွက် လိုအပ်သော အာဟာရဓာတ်များ မျှတစွာ ပါဝင်အောင်ချက်ပြုတ်ကျွေးမွေးခဲ့ကြောင်း သိရသည်။



**ချင်းကလေး(NRDC)**

# ကျောင်းကုန်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်



**ကျောင်းကုန်း စက်တင်ဘာ ၂၃**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ဆုရရှိခဲ့သော ကျောင်းများ၊ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲခန့်က ကျင်းပသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးကြီးကြပ်မှူး ကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက လေးဘာသာ ဂုဏ်ထူးရှင်နှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဆုချီးမြှင့်ပြီး သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာ ရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

☆ **MNL မှ**

Chinland အသင်းအတွက် ဦးဆောင်ဂိုးများကို ၃၁ မိနစ်တွင် လှဖုန်းဦး၊ ၅၉ မိနစ်တွင် ပါတိုတို့က သွင်းယူပြီး ၃၄ မိနစ်တွင် Hkum Myat နှင့် ၆၃ မိနစ်တွင် ဘုန်းခန့်အောင်တို့က ကချင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးများ ပြန်သွင်းခဲ့သဖြင့် နှစ်ဂိုးစီသရေကျကာ လက်ကျန်မိနစ်များမှာ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ သို့သော် လက်ကျန်မိနစ် ၁၀ မိနစ်ကျော်အတွင်း Chinland အသင်း အနိုင်ဂိုးများ ထပ်မံရရှိခဲ့ပြီး ၈၂ မိနစ်တွင် အန်ဒိုအာ၊ ၉၀၊ ၉၀+၅ မိနစ်တွင် လှဖုန်းဦးတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် Chinland အသင်းက ငါးပွဲကစား ၁၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ငါးပွဲကစား ငါးမှတ် ရရှိထားသည်။

ပွဲစဉ် (၅) တတိယနေ့ကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် တက္ကသိုလ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Glory Goal အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး ဓာတ်ပုံ-MNL**

# ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်ရေး အင်ဒိုနီးရှားသမ္မတ တောင်းဆို



**ဂျကာတာ စက်တင်ဘာ ၂၃**

ဂါဇာဒေသတွင်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးအတွက် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုက တောင်းဆိုခဲ့သည်။ အင်ဒိုနီးရှားအနေဖြင့် ဂါဇာဒေသသို့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များအား စေလွှတ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတက ပြောကြားသည်။

အမေရိကန်နိုင်ငံနယူးယောက်ရှိ ကုလသမဂ္ဂတွင်ကျင်းပသည့် နှစ်နိုင်ငံဖြေရှင်းချက်ဆောင်ရွက်ရေး အစည်းအဝေးတွင် အင်ဒိုနီးရှားသမ္မတက ပြောကြားသည်။

ဂါဇာဒေသလက်နက်ကိုင်ပဋိပက္ခပြီးစီးရေးသည် နိုင်ငံတကာအရေးတွင် ဦးစားပေးအရေးဖြစ်သင့်ကာ ယင်းကိစ္စပြီးစီးအောင်မြင်ရေးအတွက် အင်ဒိုနီးရှားကလည်း တက်တက်ကြွကြွဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များကိုလည်း အင်ဒိုနီးရှားက စေလွှတ်မည်ဖြစ်ပြီး ဂါဇာဒေသရှိ လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်နေသည့် ဒေသခံများအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။

ဂါဇာဒေသရှိ အပြစ်မဲ့ကလေးများနှင့် အမျိုးသမီးများသည် အသက်သေဆုံးနေရကာ အငတ်ဘေးဆိုက်ရောက်နေကြောင်းနှင့် အပြစ်မဲ့အရပ်သားများအား အကြမ်းဖက်မှုအပေါ်ရှုတ်ချကြောင်း၊ ပါလက်စတိုင်းများ၏ အနာဂတ်၊ အစ္စရေးနိုင်ငံ၏ အနာဂတ်နှင့် ကုလသမဂ္ဂ၏ ဂုဏ်သတင်းကို စောင့်ရှောက်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းတွင်တာဝန်ရှိကြောင်း ၎င်းက ပြောကြားသည်။ နှစ်နိုင်ငံဖြေရှင်းချက်ဖြင့်သာ ငြိမ်းချမ်းရေး ရရှိမည်ဟု အင်ဒိုနီးရှားနိုင်ငံကယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ တာဝန်ရှိသူ တွေ့ဆုံဆွေးနွေး

**တီဟီရန် စက်တင်ဘာ ၂၃**



အီရန် နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီနှင့် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ တာဝန်ရှိသူ ရာဖယ်ဂရော့ဆီတို့သည် နယူးယောက်တွင်ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံပြင်ပတွင် စက်တင်ဘာ ၂၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

**ပြောကြား**

အီရန်သည် နျူကလီးယားအရေးနှင့် ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့်ဆောင်ရွက်ခြင်းဖြစ်ကာ ဆွေးနွေးဖက်များအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည် ဖြစ်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အသုံးပြု၍ အီရန်အားဖိအားပေးမည့်အရေးကို မလိုလားကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးက ပြောကြားသည်။

အီရန်၏ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအပေါ် အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များကို အသိအမှတ်ပြုကြောင်းနှင့် သံတမန်နည်းလမ်းများကို အသုံးပြုကာ တင်းမာမှုများ လျှော့ချရေးဆောင်ရွက်ရမည်ဟု ရာဖယ်ဂရော့ဆီက ပြောကြားသည်။ အီရန်၏ အပြုသဘောဆောင်သည့် ရပ်တည်ချက်များကြောင့် မကြာမီက အီရန်နှင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီကြား ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်စတင်ရေး သဘောတူညီချက်များ ရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။ အီရန်နျူကလီးယားစက်ရုံများ တိုက်ခိုက်ခံရပြီးနောက် အီရန်ပါလီမန်နှင့် အခြေခံဥပဒေကောင်စီတို့က ပြဋ္ဌာန်းခဲ့သည့် ဥပဒေအရ အီရန်သည် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများကို ရပ်တန့်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# နှစ်နိုင်ငံဖြေရှင်းချက်ဆိုင်ရာ နယူးယောက် ကြေညာချက်ကို ကျောထောက်နောက်ခံပြုကြရန် ကမ္ဘာ့နိုင်ငံများအား ပါလက်စတိုင်း တောင်းဆို

**ဂျေရုဆလင် စက်တင်ဘာ ၂၃**

နှစ်နိုင်ငံဖြေရှင်းချက်ဆိုင်ရာ နယူးယောက်ကြေညာချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျောထောက်နောက်ခံပြုကြရေးအတွက် ကမ္ဘာ့နိုင်ငံများအား ပါလက်စတိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနက တောင်းဆိုခဲ့သည်။

ယင်းဖြေရှင်းချက်သည် ဂါဇာဒေသတွင် ငြိမ်းချမ်းရေးရရှိရေးအတွက် အခြေခံအချက်ဖြစ်သည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပါလက်စတိုင်းများအတွက် ပံ့ပိုးပေးခဲ့သည့် ကမ္ဘာ့နိုင်ငံများအားကျေးဇူးတင်ကြောင်းနှင့် ယင်းနိုင်ငံများသည် နိုင်ငံတကာဥပဒေအရ ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

၎င်းသဘောတူညီချက်ကို ကျန်ရှိသည့် နိုင်ငံများက လက်မှတ်ရေးထိုးပေးရေးအတွက် ဆောင်ရွက်ရန်နှင့် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ဂါဇာဒေသငြိမ်းချမ်းရေးကိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါကြေညာချက်ကို အစ္စရေး၏ ဂါဇာဒေသတွင်ဆောင်ရွက်နေသည့် စစ်ဆင်ရေးများရပ်တန့်ရေး ဆောင်ရွက်ရာတွင် အသုံးပြုမည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဥရောပဒေသတွင် အပူဒဏ်ကြောင့် သေဆုံးသူမြင့်တက်



**ဘာစီလိုနာ စက်တင်ဘာ ၂၃**

ဥရောပဒေသတွင် ပြီးခဲ့သည့်နှစ်များအတွင်းက နွေရာသီကာလအတွင်း ဒေသခံ ၁၈၁၀၀၀ သည် အပူဒဏ်ကြောင့် သေဆုံးခဲ့ရကြောင်း ဘာစီလိုနာ အင်စတီကျု၏လေ့လာမှုအရ သိရသည်။

ဒေသအတွင်း ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်အဖြစ် အပူဒဏ်ကြောင့် သေဆုံးသူ မြင့်တက်လာကာ ယမန်နှစ်နွေရာသီ ဇွန်လမှ စက်တင်ဘာလအတွင်း အပူဒဏ်ကြောင့် သေဆုံးသူ ၆၂၇၇၅ ဦးရှိခဲ့ကာ သေဆုံးသူများမှာ အီတလီမှ ၁၉၀၃၈ ဦး၊ စပိန်မှ ၆၇၄၃ ဦးနှင့် ဂျာမနီမှ ၆၂၈၂ ဦးရှိကြောင်း မှတ်တမ်းများအရ သိရသည်။

ဥရောပဒေသရှိ နိုင်ငံများကိုလေ့လာရာတွင် ယမန်နှစ်အတွင်းက ဂရိသည် အပူဒဏ်ကြောင့်သေဆုံးသူ အများဆုံးရှိခဲ့ကာ သေဆုံးသူအချိုးသည် လူတစ်သန်းလျှင် ၅၇၄ ဦးရှိခဲ့ကာ ဘူဂေးရီးယားတွင် ၅၃၀ နှင့် ဆာဘီးယားတွင် ၃၇၉ ဦးရှိကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်အဖြစ် အပူချိန်များမြင့်တက်လာကာ မြေထဲပင်လယ်ဒေသနှင့် ဥရောပအရှေ့တောင်ပိုင်းဒေသတို့တွင် အပူဒဏ်ကြောင့် သေဆုံးသူများလာကြောင်း ၎င်းအင်စတီကျုက ပြောကြားသည်။ အပူဒဏ်ကြောင့် သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများ သေဆုံးမှုမြင့်တက်လာကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံများတွင် မိုးခေါင်ခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် ရေကြီးရေလျှံခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် နှစ်စဉ်ထိခိုက်သေဆုံးမှုများ မြင့်တက်နေကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# အင်ဒိုနီးရှား၌ နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးရေး ဆောင်ရွက်

**ဂျကာတာ စက်တင်ဘာ ၂၃**

အင်ဒိုနီးရှားနိုင်ငံသည် နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးရေး ဆောင်ရွက်မည်ဖြစ်ကာ အဆိုပါကဏ္ဍတွင် ဒေသခံများအား အလုပ်အကိုင်များပေးမည်ဖြစ်ကြောင်း သိရသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးအတွက် နျူကလီးယားဓာတ်အားပေးစက်ရုံများတည်ထောင်ရာတွင် ဒေသခံများအား အလုပ်အကိုင်ပေးမည်ဟု သိရသည်။

နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ထောင်ရေးလုပ်ငန်းများတွင် အလုပ်အကိုင် ၆၈၀၀ ကိုပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားစွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီး ယူလက်တန်ဂျန်က ပြောကြားသည်။ အစိုးရအနေဖြင့် စက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ချက်ရှိသဖြင့် လိုအပ်သည့်လုပ်သားများအား တာဝန်ပေးခန့်ထားမည်ဖြစ်ကာ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများကိုလည်း ဖွင့်လှစ်မည်ဟု ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဆိုလာလျှပ်စစ်ထုတ်လွှတ်ရေးလုပ်ငန်း၊ ဘက်ထရီထုတ်လုပ်ရေးနှင့် ရေအားလျှပ်စစ်လုပ်ငန်းများတွင်လည်း လုပ်သားများအတွက် အလုပ်အကိုင်များပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် ငါးဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်ငါးဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်း တို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ အရှေ့ဒဂုံမြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ မွန်ပြည်နယ် ဘီးလင်းမြို့တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသားငါးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ၎င်းတို့အား တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားရှစ်ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား သုံးဦး၊ အီသီယိုးပီးယားနိုင်ငံသားနှစ်ဦး၊ နီပေါနိုင်ငံသားနှစ်ဦးနှင့် ကင်မရွန်းနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာ နိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင် လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Second Secretary Mr. Edward Maroko နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံသံရုံးနှင့် ကင်မရွန်းနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၀၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဒေါပုံမြို့နယ် ဝါဆိုရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် ဝါဆိုရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရွှေယမုံခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် သမဝါယမအသင်းများမှ အသင်းကိုယ်စားလှယ်များနှင့် အသင်းသူအသင်းသားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒေါပုံမြို့နယ် ဝါဆိုရောင်းဝယ်ရေးသမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမောင်မောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဒေါပုံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းသိမ့်သိမ့်ဖြူးက ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအပေါ် ရှင်းလင်းပြောကြားပြီး အသင်းစု၏ ရှေ့လုပ်ငန်းစဉ်များအပေါ် လိုက်နာဆောင်ရွက်ရေးတို့ကို တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဘုန်းနိုင်က အမှာစကားပြောကြားပြီး ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားရှင်းလင်းခဲ့ကြသည်။ ထို့နောက် အသင်းသူ အသင်းသားများ၏ သားသမီးများအတွက် ပညာရည်ချွန်ဆုများကို ချီးမြှင့်ပေးအပ်ခဲ့ပြီး အစည်းအဝေးအပြီးတွင် အသင်းဝင်များအား ကုန်ဝယ်ပေါ်ပြန်အမ်းငွေနှင့် ထည့်ဝင်ငွေပေါ်အမြတ်ငွေများကို ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၃**


ယနေ့ညနေ ၃ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသောလေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ စက်တင်ဘာ ၂၇ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။


**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃ဝ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၄-၉-၂၀၂၅ ရက်နေ့မှ ၂၇-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။**



*** တိုင်ဖွန်းမုန်တိုင်းမှ**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ"သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၂၄ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ထို့မှတစ်ဆင့် စက်တင်ဘာ ၂၅ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားနိုင်

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်း-ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းရိုးတန်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပြီးနောက် ၂၄ နာရီအတွင်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရပါသည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဝင်များ ဖိုးဇောင်းတောင် စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၂၅ ခုနှစ် ဖိုးဇောင်းတောင် စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ဖိုးဇောင်းတောင်(ကြိုးဝိုင်း)၊ နေပြည်တော်-တပ်ကုန်း အမှတ်(၂)လမ်း၊ မိုင်တိုင်(၅မိုင်/၅ဖာလုံ)၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်း၊ ဦးဟန်သူ၊ နေပြည်တော်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်း၊ ဥတ္တရခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်များက ပျိုးပင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းထံ ပေးအပ်ကာ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ဆီသပြေပင်များကို စတင်စိုက်ပျိုးပေးပြီး စုစုပေါင်းအပင် ၃၀၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဥတ္တရသီရိမြို့နယ်အတွင်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး၊ ပြည်သူများစားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရေး၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရန်အတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းမကြီးများအပါအဝင် ကျေးလက်လမ်းများ၏ လမ်းဘေးဝဲ/ယာများ၊ လမ်းနယ်ပြင်ပတွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေကွက်လပ်၊ မြေလွတ်/ မြေရိုင်း နေရာများတွင် ငါးကော၊ ၁၀ ကေခန့်ရှိ သစ်တောငယ်များ တည်ထောင်နိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံပေး

**ကျောက်တံခါး စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံပေးခြင်းနှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေး(DT)ထိုးနှံပေးခြင်းတို့ကိုယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (ကျောက်တံခါး)ပတ္တမြားခန်းမ၌ ဆောင်ရွက်သည်။



ထို့သို့ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစည်သူစန်းက ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြေခံပညာကျောင်း ၇၄ ကျောင်းမှ အသက်(၉)နှစ်ပြည့်ပြီး (၁၀)နှစ်မကျော်သောကျောင်းသူ ၉၇၅ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV) ထိုးနှံပေးခြင်းနှင့် အသက်(၅)နှစ်မှ(၇)နှစ် မကျော်သော ကျောင်းသား ကျောင်းသူ ၁၈၀၄ ဦးအား တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မင်းတုန်းမြို့ စည်ပင်သာယာဈေး၌ မီးဘေးလုံခြုံရေးစစ်ဆေး

**မင်းတုန်း စက်တင်ဘာ ၂၃**

မကွေးတိုင်း ဒေသကြီး မင်းတုန်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာဈေး၌ ယနေ့နံနက် ၈ နာရီက မီးသတ်ဦးစီးဌာနမှ ဒုတိယ မီးသတ်ဦးစီးမှူး ဦးထင်လင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ဈေးဆိုင်ခန်းများကို မီးဘေးလုံခြုံရေး စစ်ဆေးခဲ့ကြသည်။



ထိုသို့ စစ်ဆေးရာတွင် ဈေးဆိုင်ခန်းများမှ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ လျှပ်စစ်ဝိုင်ယာရိန်းများ စစ်ဆေးခြင်း၊ လျှပ်စစ်မီး စနစ်တကျသုံးစွဲရေး၊ မီးသတ်ဆေးဘူးများ အသင့်ထားရှိစေရေး၊ ပစ္စည်းများ အဆမတန် သိုလှောင်ထားခြင်း မရှိစေရေးနှင့် ထင်းမီးသုံးစွဲမှု မရှိစေရေးတို့ကို လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရွှေအင်းတိန်စံကျောင်းတော်မှ ဟဲယာရွာမဌာန စံကျောင်းတော်သို့ ဆက်လက်ကြွချီ အပူဇော်ခံ

**ညောင်ရွှေ စက်တင်ဘာ ၂၃**

အစဉ်အလာအရ အင်းလေးဒေသဝဲယာ(၂၁) ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိသည့် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်လေးဆူတို့သည် ကျေးပေါ်ခုံဌာနစံကျောင်းတော်တွင် တစ်ညတာ ကိန်းဝပ်အပူဇော်ခံပြီးနောက် ယနေ့နံနက် ၈ နာရီခွဲတွင် ရွှေအင်းတိန်စံကျောင်းတော်သို့ သက်ဆိုင်ရာတာဝန်ရှိသူများက ပင့်ဆောင်၍ ခေတ္တရပ်နားအပူဇော်ခံခဲ့သည်။

နေ့ဆွမ်းဆက်ကပ်ပြီးနောက် မွန်းလွဲ ၂ နာရီခွဲတွင် ဒေသထုံးတမ်းအစဉ်အလာများနှင့်အညီ တာဝန်ရှိသူများက ဦးဆောင်၍ ရွှေအင်းတိန်စံကျောင်းတော်မှ ဟဲယာရွာမဌာန စံကျောင်းတော်သို့ ဆက်လက်ကြွချီပြီး နှစ်ညတာ ကိန်းဝပ်အပူဇော်ခံလျက်ရှိကြောင်း သိရသည်။

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်လေးဆူသည် လာမည့်သီတင်းကျွတ်လဆန်း ၄ ရက် စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီတွင် ဟဲယာရွာမစံကျောင်းတော်မှ ငါးဖယ်ချောင်းဒေသစံကျောင်းတော်သို့ ဆက်လက်ကြွချီ၍ တစ်ညတာကိန်းဝပ်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မရမ်းကုန်းခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက် ၈ နာရီခွဲက စတင်ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာတီးဝိုင်း၊ ပန်းဖွားအကများဖြင့် ကြိုဆိုကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ မရမ်းကုန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ မရမ်းကုန်းမြို့နယ် အထက(၁) ကျောင်းအကျိုးတော်ဆောင်နာယက ဦးကြည်ဝင်းတို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်အတွင်း စာပေစကားဝိုင်းဆွေးနွေးပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲများနှင့် ဂိမ်းကစားနည်း ပြိုင်ပွဲများဖြစ်သည့် မြားပစ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ခွက်ရွှေ့ပြိုင်ပွဲ၊ ဘောလုံးဖိပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ ခွက်စီပြိုင်ပွဲ၊ ဘိုးရိမ်းပြိုင်ပွဲ၊ ဘောလုံးပစ်၊ စစ်တုရင်ပြိုင်ပွဲများကို လည်းကောင်း၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်စာစောင် အရောင်းဆိုင်များကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် စာပေဟောပြောပွဲ၌ ဟောပြောမည့် စာရေးဆရာ မြင်းမူမောင်နိုင်မိုးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်တို့ရှိအခြေခံပညာကျောင်း ပေါင်း ၃၀ အတွက် သုတ၊ ရသ စာအုပ်ပေါင်း ၂၅၀၀ ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

**အောင်မြင့်(ပြန်/ဆက်)**

# မိုင်းဆတ်မြို့နယ်၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု အခြေအနေအား ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်ဝိန်းလိတ်ကျေးရွာသွားလမ်းပေါ်တွင် ကွန်ကရစ်တံတားတည်ဆောက်ခြင်း(ပထမအပိုင်း) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) တံတားတည်ဆောက်ရေးအဖွဲ့ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) တံတားတည်ဆောက်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမောင်ဆွေနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ဝိန်းလိတ်ကျေးရွာသွားလမ်းပေါ်ရှိ အရှည် ပေ ၁၈၀၊ အကျယ် ၁၈ ပေ ကွန်ကရစ်တံတားတည်ဆောက်ခြင်း(ပထမပိုင်း)လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၁၅၀ ဒသမ ၁၉၅ သန်းဖြင့် တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုမှာ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ(ပြန်/ဆက်)**



# ဇမ္ဗူသီရိမြို့နယ်၌ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး



**ဇမ္ဗူသီရိ စက်တင်ဘာ ၂၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူ လက်ဝယ်အရောက် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် အခမဲ့ငှားရမ်းပေးခဲ့သည်။

ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရေး၊ စာပေမှရရှိသည့် အသိပညာ ဗဟုသုတများ တိုးပွားစေရေးနှင့် စာပေဖတ်ရှုသည့် အလေ့အထများ ရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်/ကျေးရွာများ၊ စာသင်ကျောင်းများအရောက် လိုက်လံငှားရမ်းပေးခြင်းအပြင် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**တင့်ဖူးခိုင်(ပြန်/ဆက်)**

■

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်း မြို့နယ်၌ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီး ဌာနတို့ ပူးပေါင်း၍ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို တောရအလကနှင့် အောင်သုခ အလက တို့၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



## ကြည့်ရှုအားပေး

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစန်းဝင်းနှင့်ဝန်ထမ်းများ၊ အခြေခံပညာ ဦးစီးဌာန မြို့နယ်ပညာရေးမှူး ဦးမင်းမင်းထွန်းနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက တောရအလကနှင့် အောင်သုခ အလကတို့မှ KG ကျောင်းသား ကျောင်းသူလေးများအား ထမင်း၊ ကြက်သားဟင်း၊ ပဲဟင်း၊ ကန်စွန်းရွက်၊ မြေပဲများ စားသုံးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရှမ်းစုကျေးရွာအုပ်စု၊ မြို့ရှောင်လမ်း၊ လက်ခုပ်ကုံးကွင်း၊ ဦးပိုင်အမှတ်(၄/၁၀)၊ ကွင်းအမှတ်(၈၄)၊ ဦးနေဝမ်း [၁၂/တတန(နိုင်)၀၅၉၂၅၅] မြေခွန်အမည်ပေါက်၊ မြေအကျယ်အဝန်း (၂၀ပေx ၁၃၀ပေ)၊ ဧရိယာ(၀.၀၆)ဧက၊(၂၆၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေဝမ်း [၁၂/တတန(နိုင်)၀၅၉၂၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူထွန်း [၁၂/မရက(နိုင်) ၁၃၉၈၈၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောအထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစည်သူထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းထိုက်(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်– ၅၄၈၅၈)**
**၃(အေ)၊ (၃)လွှာ၊ အမှတ်(၃၂၅)၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၀၀၆၈၄၈၅,၀၉– ၆၇၇၉၅၁၆၆၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်မျိုးအောင်လမ်း၊ အမှတ် (၈/၁၃၆) နှင့် (၈/၁၀၅)တွင် တည်ရှိသော အိမ်နှင့်မြေအား ဒေါ်ရင်ရင်ဌေး[၁၀/သဖရ(နိုင်)၀၈၆၄၂၇] ကိုင်ဆောင်သူမှ ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်နှင်းပွင့်ဖြူ [၉/မကန(နိုင်)၁၁၆၄၁၅] ကိုင်ဆောင်သူအား ကမ်းလှမ်းရာ ဒေါ်နှင်းပွင့်ဖြူမှ လက်ရောက်အပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ် သည့် အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်၊ စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းပွင့်ဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုသိမ့်နိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၅၃၇)(၁၇–၅–၂၀၂၄)**
**အမှတ်(၁၅၅/၁၅၇/၁၅၉)၊ (၃၇)လမ်း၊ (အလယ်ဘလောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-262909581, 09-253408428**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ယောမင်းကြီး (၄)လမ်း၊ မြေကွက်အမှတ်(၈၅၄)ဟုခေါ်တွင်သော အမည်ပေါက် ဦးဆန်းထွန်း [၁၂/ကမရ(နိုင်) ၀၁၀၈၅၂]၊ ဒေါ်အိအိမာ [၁၂/ကမရ(နိုင်) ၀၀၁၃၀၆]၊ ဦးသက်ခိုင် [၁၂/ကမရ(နိုင်) ၀၁၁၂၈၆]၊ ဒေါ်သင်းသင်းနိုင် [၁၂/လမန(နိုင်) ၀၅၇၇၆၅]၊ ဒေါ်သီရိကျော် [၁၂/ဥကမ(နိုင်) ၁၇၀၅၅၆]တို့ ပူးတွဲပိုင်ဆိုင်သော နှစ်(၆၀)ဂရန်မြေအမျိုးအစား အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) အနက်မှ ဒေါ်သီရိကျော် [၁၂/ဥကမ(နိုင်)၁၇၀၅၅၆] လက်ရှိထားပိုင်ဆိုင်သော တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း(အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေ၊ မီးအစုံ၊ သွပ်မိုး ပျဉ်ထောင်အဆောက်အဦ (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်နန်းဒေဝီအောင် [၁၂/ဒဂမ(နိုင်) ၀၃၀၅၈၁]မှ အရပ်ကတိစာချုပ်ဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းသာလျှင် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် အကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဥမ္မာထွန်း (LLB)** | **ဒေါ်အိအိဝေ (LLB)** |
| **(စဉ်– ၄၉၂၈၄)** | **(စဉ်– ၅၃၅၉၉)** |

**အထက်တန်းရှေ့နေများ**
**အမှတ်– ၃၃၃၊ နဝရတ်ရေစင်(၁ )လမ်း၊ ပြည်တော်သာ စက်မှုရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ Ph: 09-596961935, 09-261446441**

## အများသိစေရန်

ကျွန်ုပ်တို့မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ အေးချမ်းသာယာလမ်း၊ အမှတ်– ၂၇၃(ခေတ္တ–ဂျပန်)နေ [၁၂/ဗဟန(နိုင်) ၁၀၀၇၆၈]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်–

ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဦးထက်အာကာလင်း (ခ) ဦးစိုးလင်းအောင်သည် ဒေါ်မြင့်မြင့်သင်း (ခ) ဒေါ်မေမြတ်သူ [၁၂/ဥကမ(နိုင်)၂၃၅၁၂၁]နှင့် ၇–၉–၂၀၂၅ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်း ညွှန်ကြားလာပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေနှင့် ဒေါ်မြင့်မြင့်သင်း (ခ) ဒေါ်မေမြတ်သူတို့သည် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦးပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးလှရွှေ** | **ဒေါ်မြသက်ဝင်း** |
| **(စဉ်– ၈၉၁၂) (၂၁–၃–၂၀၁၃)** | **(စဉ်– ၁၈၉၉၄) (၂၂–၁၂–၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်– ၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊**
**(၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၀၁၆၀၂၁၉၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၃)၊ ဦးပိုင်အမှတ်– ၁၃–ခ(ခဲစင်း)၊ ၂၅(A)လမ်း၊ ၆၃x ၆၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း၊ ဦးမောင်မောင်ကြည်(ခ)ဦးမောင်ကြည်၊ ဦးကံကြည်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၄၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သင်းသင်းအေး [၉/ခအဇ(နိုင်)၀၀၀၉၆၃]က အမှုတွဲအမှတ်(၂၆၄၂/၂၀၂၅–၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမြို့နယ်၊ ဖာချယ်ကျေးရွာ မိုင်းတုံမှ ဟောင်လီသွားလမ်း၊ လမ်းမကြီးဘေး အကွက်အမှတ်– N(၄၅) (ဧရိယာ ၁၂.၇၈ ဧက)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦ အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလှထွေး [၁၃/မတန(နိုင်) ၀၀၇၀၉၉]က တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေ Earth Legacy Mining Co.,Ltd မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (၂၂–၉–၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ် ချုပ်ဆို၍ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Earth Legacy Mining Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖွန့်သဲဖြူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၇၅၃၄)**
**မြို့မရပ်ကွက်၊ မိုင်းတုံမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။**
**ဖုန်း–၀၉–၄၂၈၂၃၀၅၇၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀/၄၆)ရပ်ကွက်၊ မြောင်းမြ(၁)လမ်း၊ အမှတ်(၅၉၉)၊ ဧရိယာ(၄၀ x ၆၀)ပေရှိ ဒေါ်မြင့်သိန်းအမည်ပေါက်ပါမစ်မူရင်းမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအဆက်စပ်အရောင်းအဝယ်စာချုပ်ဖြင့်အရှုပ်အရှင်းမရှိဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူဦးမြင့်သန်းအောင် (၁၃/လထန(နိုင်)၀၀၅၃၅၆) ကိုင်ဆောင်သူထံမှကျွန်ုပ်ဦးစိုးမင်းထွေး(၁၁/အမန(နိုင်)၀၉၅၈၁၈) ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါဝယ်ယူမှုနှင့်ပတ်သက်၍အခြားကန့်ကွက်လိုသူများရှိပါကယခုကြော်ငြာပါသည့်နေ့မှ(၇) ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးစိုးမင်းထွေး
ဖုန်း၀၉ ၇၈၃၇၁၂၆၀၇
အမှတ် (၁၀၅၄)၊ ရွှေစံပယ်လမ်း၊ (၂၆)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်– ၂၁၊ နည်းဥပဒေ– ၂၂)**
**သင်္ဃန်းကျွန်းမြို့နယ် တရားရုံးတော်၌**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၄ နှင့် ဆက်နွှယ်သည့်**
**၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်–၆**

| | | |
|---|---|---|
| ဒေါ်သီတာနိုင် | နှင့် | ဒေါ်အေးအေးမြင့် |
| (တရားနိုင်) | | (တရားရှုံး) |

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မိုးကောင်းဘုရားလမ်း၊ မိုးကောင်းဘုရား၊ ဆိုင်ခန်းအမှတ် (၁၅) အနောက်ဘက်မုခ်နေ တရားရှုံး ဒေါ်အေးအေးမြင့် သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၄ တွင် ကျရောက်သည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သီတာနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်သို့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ဖွန့်ပွင့်ဖြူအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**သင်္ဃန်းကျွန်းမြို့နယ်တရားရုံး**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရခြင်းငှာ၊ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ ၃၇၃)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၁၀၂**
**ကွယ်လွန်သူ ဦးကျော်မောင်၏ ကျန်ရစ်သောပစ္စည်းအကြောင်း**

ဦးမင်းအောင် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဝေဘာလမ်း၊ အမှတ် (၁)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်မောင် ကျန်ရစ်ခဲ့သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမင်းအောင် (ကွယ်လွန်သူ ဦးကျော်မောင်၏ တူတော်စပ်သူ) က အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်မောင်မှကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ (၁၃၈၇ ခု၊ သီတင်းကျွတ်လဆုတ် ၉ ရက်နေ့) နံနက်(၁၀:၀၀)နာရီအချိန်တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးမင်းအောင်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးလှိုင်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၂၄)၊ ဦးပိုင်အမှတ် (၄–တ)၊ ၄၁x၄၂ကြား၊ ၈၆xသင်္ဂဇာချောင်းပတ်လမ်းကြားရှိ ဦးမြေဇာ၊ ဒေါ်စန်းရီ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၇၂၂/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်ကြွေမြင့်၊ ဒေါ်လှိုင်အိအိမျိုး၊ ဒေါ်ဇာသိမ့်သိမ့်မျိုး၊ ဒေါ်ဟန်သုသုမျိုး၊ ဒေါ်လှိုင်ထက်ထက်မျိုး၊ ဒေါ်သက်သက်မာ၊ ဦးရဲလင်းထက်၊ ဒေါ်ဝင်းမြင့်၊ ဦးခင်မောင်တင့်၊ ဦးမောင်ဝင်း၊ ဒေါ်တင်တင်ဌေး၊ ဦးအောင်မြင့်၊ ဒေါ်ဆွေဆွေဦး၊ ဒေါ်နွယ်နီခင်၊ ဦးနေထွန်းအောင်တို့၏ (GP ရရှိသူ ဦးသက်ပိုင်စစ်မှူး)ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၁၄၈၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဒေါ်သီတာဦး [၅/စကန (နိုင်) ၁၅၃၈၈၅]၊ ဒေါ်စုစုလှိုင် [၅/စကန (နိုင်) ၁၇၉၇၁၂]တို့က အမှုတွဲအမှတ် (၀၁၁၇/ဘ(ပြောင်း)/ ၂၀၂၅–၂၀၂၆) ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည် တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်တုန်းမြို့နယ်၊ အမကလက်ပံ(သပြေ)ကျောင်းမှ လ/ထ မူလတန်းပြ ဆရာမ ဒေါ်အိဇာဖြူ [၁၄/ညတန (နိုင်) ၁၅၂၂၁၀]၏ဖခင် အမည်မှာ ဦးကျော်ဦး (ခ) ဦးအောင်ကျော်ဦးသည် တစ်ဦးတည်း ဖြစ်ပါသည်။

**ဒေါ်အိဇာဖြူ**

## ပြင်ဆင်ဖတ်ရှုပါရန်

တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်လတ် (စဉ်–၄၂၈၃)၏ ကြေးမုံသတင်းစာတွင် ၂၃–၉–၂၀၂၅ နေ့ အများသိစေရန် ကြေညာသောစာတွင် ဦးညွန့်ဝေ၏ မှတ်ပုံတင် [၁၂/ဥကမ (နိုင်) ၀၇၉၀၉၈]အစား [၁၂/ဥကမ (နိုင်) ၀၇၉၇၉၈]၊ စရန်ပေးစာချုပ်တွင်လည်း ၁–၈–၂၀၂၀ အစား ၁–၈–၂၀၂၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၈)၊ ကျွန်းရွှေမြိုင်လမ်း၊ မြေကွက်အမှတ်(၁၇၅၄/ခ)၊ ဦးစိန်ဟန် (N/RGN-002970) စာအမှတ်(၅၀၅)၊ (ပါမစ်မူရင်းအမည်ပေါက်၊ (၂၀x၆၀)ပေ မြေကွက်နှင့် နေအိမ်အပါအဝင် ယင်းနေအိမ်ရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်နှင်းအိဝင်း[၁၂/ ကမရ(နိုင်)၀၃၀၃၅၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်သန့်ဇင် [၁၂/သဃက(နိုင်)၀၄၇၃၅၃]မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သန့်ဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဉ်– ၄၈၁၇၈)**
**၀၉–၄၄၀၉၈၆၁၃၄၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ်(၁၄) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅ပေx ၅၅ပေ)ရှိ ၆–လွှာတိုက်ခန်းတစ်ခန်းနှင့်တကွ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဆုလာဘ်ဝင်းနိုင် [၃/ဘအန(နိုင်)၂၃၅၆၃၇]မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်မလှသိန်း [၁၁/ဘသတ(နိုင်)၀၀၁၀၀၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်ခင်မို့မို့ထွန်း** |
| **(စဉ်–၇၆၀၇)** | **(စဉ်–၁၂၉၆၅)** | **(စဉ်–၁၅၉၉၄)** |
| **LL.B, D.B.L, WIPO** | **LL.B, D.B.L, WIPO** | **LL.B, WIPO** |

**(တရားလွှတ်တော်ရှေ့နေများ)**

| | |
|---|---|
| **ဒေါ်မာလာသန်းမြင့် LL.B, WIPO** | **ဒေါ်ချယ်ရီဇော် LL.B** |
| **(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၈၂၅၅)** | **(အထက်တန်းရှေ့နေ) (စဉ်–၄၄၃၉၃)** |

**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း–၄၀ (ကမ်းနားဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉– ၂၆၆၂၅၁၂၆၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (အပိုင်း–၁၁)၊ ဦးပိုင်အမှတ်(၁၉)၊ ၄၉x၅၀ လမ်းကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၂၆၅/၉၁–၉၂)အရ ဦးဌေးအောင် မှတ်ပုံတင်အမှတ် [၉/မနတ(နိုင်)၀၄၉၈၅၈] အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်နှင့် မြေချထားမိန့်၊ စလစ်မူရင်းနှင့် ငွေသွင်းဘဏ်ချလန်မူရင်းတို့မှာ ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ ဒေါ်လှဌေး မှတ်ပုံတင်အမှတ် [၉/တသန(နိုင်)၀၇၇၃၈၄]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၁)၊ မြေကွက်အမှတ် (၂၀၇)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ) ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်သည် ဦးကျော်သူရ [၁၂/သလန(နိုင်) ၀၀၉၉၀၅]နှင့် ဦးမျိုးမင်းမင်း [၁၂/တမန(နိုင်) ၀၈၉၄၆၅]တို့ ပူးတွဲအမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်သူရ ပိုင်ဆိုင်သည့် တရားဝင်မခွဲစိတ်ရသေးသည့် (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၀၇)၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကျော်သူရ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သီတာဆွေ [၁၂/တမန(နိုင်)၀၀၀၁၈၇]မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B) (LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁) ဟုခေါ်တွင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၉)လမ်း၊ မြေကွက်အမှတ်(၁၁၆/၂)၊ စတုတ္ထထပ်၊ (၄)လွှာ၊ ခြေရင်းခြမ်း၊ မြေအကျယ်အဝန်း (၁၄ပေx ၅၀ပေ)၊ အမြင့် (၉)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း (၁)ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်စုဖြိုးဝေ [၁၀/မလမ(နိုင်)၁၃၆၉၄၉]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** | **ဒေါ်သက်ထားခိုင် (LL.B)** |
| **(စဉ်– ၁၁၄၀၆)** | **(စဉ်– ၅၆၈၂၃)** | **(စဉ်– ၅၆၈၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B) (စဉ်–၅၆၆၆၂)** | |
| | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉ သမိုင်း၊ မြေကွက်အမှတ်-၄ ဗ^J-B^၊ အကျယ်အဝန်းဧရိယာ(၀.၀၂၆)ဧကရှိ ၁။ဒေါ်ခင်စုထွန်း [၁၂/ဗတထ (နိုင်) ၀၃၀၉၆၁]၊ ၂။ ဒေါ်သီရိထွန်း [၁၂/ဗတထ (နိုင်)၀၁၈၂၀၆] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၅၂) ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်သီရိထွန်းက တာဝန်ယူ၍ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းများရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စရပ်များကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၄၅၀၀၃၉၂၁၀၊ ၀၉- ၅၀၃၄၆၅၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၃

**ဦးကျော်ငြိမ်း** နှင့် **ဦးစံမြင့်**
**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃) ရပ်ကွက်၊ ဖိုးရာဇာ(၃)လမ်း၊ အမှတ်-၉၅၄ နေ ဦးစံမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌တရားလိုက **"ပဋိညာဉ်အတိုင်းအိမ်နှင့်မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဒေါ်အေးအေးသင်း[၁၂/ဒဂမ(နိုင်)၀၁၅၇၆၇]နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇော [၁၂/တမန(နိုင်) ၁၂၅၈၀၇]၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ဦးကျော်ဇောနှင့် ဒေါ်အေးအေးသင်းတို့သည် (၂၅-၃-၂၀၁၅) ရက်နေ့တွင် လက်ထပ်စာချုပ် ချုပ်ဆို၍ ပေါင်းသင်းခဲ့ကြပြီး သားသမီး (၂)ဦး ထွန်းကားခဲ့ပါသည်။ အတူပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း လက်ထက်ပွားပစ္စည်းများအဖြစ်

၁။ တောင်ဥက္ကလာပမြို့နယ်၊ Inno City Condo ရှိ အခန်းအမှတ်-၁၄၀၄၊ Block No-105 အခန်း တစ်ခန်း။
၂။ ရွှေပြည်သာမြို့နယ်၊ ရွှေဘိုပတ်လမ်း၊ မြေကွက်အမှတ်-၈၃၂ နှင့် မြေကွက်အမှတ်-၇၉၉ (၂ကွက်တွဲ) ပေ (၅၅x ၁၁၀) မြေကွက်။
၃။ လှည်းကူးမြို့နယ်၊ အမြန်လမ်း (၃၂)မိုင်ရှိ မြေကေ။
၄။ ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ရွာရှိ ပေ (၆၀ x ၆၀) မြေကွက်။
၅။ မြောက်ဥက္ကလာပမြို့နယ်၊ သီရိမင်္ဂလာဈေးဝင်းရှိ M-42, M-43 နှစ်ခန်းတွဲဆိုင်ခန်းတို့ ဖြစ်ပွားတိုးတက်ခဲ့ကြပါသည်။

စုစုပေါင်းပိုင်ဆိုင်မှု(၅)မျိုးသည် ယနေ့အထိ လင်မယား(၂)ဦးပိုင်အဖြစ် တည်ရှိလျက်ရှိပါသည်။ ဦးကျော်ဇောနှင့် ဒေါ်အေးအေးသင်းတို့သည် အကြောင်းမဆီလျော်စွာ ကွာရှင်းပြတ်စဲကြရန် သဘောတူခဲ့ကြပြီး ဒေါ်အေးအေးသင်းပြုလုပ်သော ကွာရှင်းစာချုပ်ကို အတည်ယုံမှတ်၍ ကျွန်တော်မှ လက်မှတ် ရေးထိုးပေးခဲ့သော်လည်းပြုလုပ်ထားသော စာချုပ်အတုသာဖြစ်ကြောင်း သိရှိခဲ့ရပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ လက်ထက်ပွားပစ္စည်း(၅)မျိုးမှာလည်း တရားဝင်ခွဲဝေရယူခြင်း ယနေ့အထိအောင် မရှိခဲ့သေးပါ။ လင်မယားတော်စပ်မှုများမှာလည်း တည်ဆဲတရားဥပဒေများအရ ယနေ့အထိ ပြတ်စဲခဲ့ခြင်းမရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇောနှင့် ဒေါ်အေးအေးသင်းတို့၏ လက်ထက်ပွား(၂)ဦးပိုင်ပစ္စည်းစာရင်း (၅)မျိုးနှင့်ပတ်သက်၍ အခြားသူများအနေဖြင့် ဝယ်ယူခြင်း၊ အပေါင်ခံခြင်း၊ ဥပဒေမဲ့ လွှဲပြောင်းရယူခြင်း၊ ပိုင်ဆိုင်ခွင့်အမည်ပြောင်းလဲခြင်းတို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်အေးအေးသင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်** | **ဒေါ်ခင်အေးသန်း** |
| **(စဉ်-၁၁၄၆၂)** | **(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B,D.B.L,D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ အမှတ်(၁၄)ရပ်ကွက်၊ မြေကွက်အမှတ်(၁၃၈-ခ)၏ မြေအကျယ်အဝန်း (၂၀x၆၀) ပေရှိ ဦးမြသန်း(DDE ၀၂၀၂၄၉ )အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် လက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလာသူ ဦးစောနေသွီတော [၁၂/ရပသ(နိုင်)၀၄၉၉၁၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာဝင်း [၈/မဘန(နိုင်)၁၂၅၉၇၁] မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး(B.A(Law), LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၀)**
**ဖုန်း-၀၉-၇၇၃၆၄၅၈၀၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မင်းကျော်ပျံချီလမ်း၊ အမှတ်(၆၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၄၇၈)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀ပေx၆၀ပေ) (မြေကွက်အမှတ်-၄၇၇ နှင့်ကပ်လျက်ခြမ်း) ပါမစ်မြေကွက်၏ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးထွန်းရီ (ဘ)ဦးသိန်း (AA-၀၃၉၉၁၃)** အမည်ပေါက်ပြီး အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ **ဦးမျိုးမင်းဦး [၁၂/ဒဂတ(နိုင်)၀၄၆၀၈၃]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးအောင်မင်းဖြိုး [၁၂/ပဇတ(နိုင်)၀၃၃၂၆၂]**က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်းဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၂၈)**
**အမှတ်(၁၅)၊ ဦးဝိစ္စာလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။**
**ဖုန်း-၀၉-၇၈၇၂၀၀၆၀၄ ၊ ၀၉-၉၆၆၂၈၅၉၃၉**

## "ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာ(၁၀)လမ်း၊ အမှတ်(၂၇၁)ဟုခေါ်တွင်သော (၂၅ပေx၅၀ပေ) အကျယ်ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ခေါင်းရင်းဘက်၊ (၁၂½x၅၀)ပေအကျယ်အဝန်းရှိ (မှန်ခန်း)၊ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ မိုးဆန်းကွန်ဒို၊ ၁၂-လွှာ၊ အခန်းအမှတ်(၄၂၁၂)တွင်နေထိုင်သော ဦးကျော်ဆန်း(ခ)ရာဂျူး [၁၂/ဗတထ(နိုင်)၀၃၁၁၁၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ တိုက်ခန်းသည် ဦးလဂိုဗင်ဒါရာဂျူး [၁၂/ဒပန(နိုင်)၀၄၁၅၀၀] မှ (၃-၁၀-၂၀၁၇) ရက်နေ့တွင် ဦးနာရနာဆာမိ [၁၂/ဒပန(နိုင်)၀၃၃၆၉၈]ထံမှ **"တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်သဘောတူကတိစာချုပ်"**ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင် လက်ရှိထားသောတိုက်ခန်းဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဆန်း(ခ)ရာဂျူးမှ ဝယ်ယူရန်သဘောတူပြီး (၃၀-၆-၂၀၂၅) ရက်နေ့တွင် **"နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်"** ချုပ်ဆို၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဦးလဂိုဗင်ဒါရာဂျူးမှလည်း တိုက်ခန်း၏ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအား ဝယ်ယူသူဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဆန်း(ခ)ရာဂျူးထံ ပေးအပ်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ** |
| **ဦးကျော်ဆန်း(ခ)ရာဂျူး** | **ဒေါ်ဇင်မာမင်း (LL.B, D.B.L, D.I.L)** |
| **[၁၂/ဗတထ (နိုင်) ၀၃၁၁၁၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ် -၁၁၆၅၁)** |
| | **အမှတ် (၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊** |
| | **ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။** |
| | **ဖုန်း - ၀၉- ၄၂၀၀၃၁၃၅၂** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

